ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၇ ရက်၊ အင်္ဂါနေ့ (10-6-2008) (၅၇၀၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၀၈ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာနီဗယ် ကာဗာကို ဆေးလ်ဗာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၀၈ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဟိုဆေး ဆိုကရေတီး ကာဗဲလ်ဟိုပင်တို ဒီဆူဇာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်နယ်/တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ ယူဆောင်သွားမည့် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လေဘေးသင့်ဒေသများသို့သွားရောက်မည့် အသင်းဝင်များအတွက် လိုအပ်သည်များ ပြည့်စုံအောင်စီစဉ်ပေးထား ဒေသခံပြည်သူများ၏ နေရေး၊ စားရေး၊ ကျန်းမာရေး ကိစ္စများကို စေတနာအပြည့်ဖြင့် ကူညီဆောင်ရွက်

ရပ်ရေးရွာရေးသည် အမျိုးသားရေး၏ လူမှုရေးဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ် အသင်းဝင်များအနေဖြင့် လူမှုရေးဆိုင်ရာ ရပ်ရေးရွာရေးများ အောင်မြင်အောင်ကြိုးပမ်း

နေပြည်တော် ဇွန် ၉

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး ခန်းမဆောင်၌ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ကြမည့် ပြည်နယ်/တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြားသည်။

တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ အတွင်းရေးမှူးများ ဖြစ်ကြသည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ***

ကြေးမုံ The Mirror

မြေအုတ်တို့ ပြိုလဲရာ၌ ကျောက်အုတ်တို့ဖြင့် အစားထိုး တည်ဆောက်နိုင်ရမည် (၂)

ကျော်ရဲမင်း၏ (ဆောင်းပါး)

စာမျက်နှာ - ၈၊ ၉၊ ၁၀

"လေဘေးသင့်ဒေသများအတွက် ပြန်လည်တည်ဆောက်ရာတွင် စိုက်ပျိုးရေးကဏ္ဍ၌ နိုင်ငံတော်၏ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် စက်မှုလယ်ယာကူးပြောင်းရေးကို အခွင့်အလမ်းတစ်ရပ်အဖြစ်ခံယူပြီး အကောင်အထည်ပေါ်လာစေရအောင် ဝိုင်းဝန်းပံ့ပိုးပေးဖို့လို၊ ဒေသတွင်း မူလရှိပြီး စိုက်ကေကို အပြည့်အဝ စိုက်ပျိုးသွားရန်အပြင် ရေမြေကောင်းမွန်သော ဒေသများ၌ အထွက်တိုးရေး စီမံဆောင်ရွက်ရန်ဖြစ်"

အတည်ပြုဖောင် ၃း၅၀

ကြေးမုံ The Mirror
၁၀-၆-၂၀၀၈
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အချိန်မီထွန်တုံးပိတ်နိုင်ရေး ကြိုးပမ်း ဒေသမျိုးရင်း စပါးမျိုးများ ပိုမိုစိုက်ပျိုး

မုတ်သုံမိုးဦး ရွာသွန်းလာမှုနှင့်အတူ တောင်သူလယ်သမားတို့ ထွန်ရေးစရမည့် အချိန်သို့ရောက်ရှိနေပြီဖြစ်သည်။ မိုးရွာသွန်းမှုနှင့် ချိန်ဆစိုက်ပျိုးကြရသဖြင့် ယခုလအတွင်း ထွန်တုံးပိတ်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ ထွန်တုံးပိတ်ချိန်နောက်ကျပြီး နောက်မိုးမကောင်းပါက စပါးများ ရေငတ်သည့်ဒဏ် ခံရမည့်အပြင် စပါးအထွက်နှုန်းလည်း နည်းမည်ဖြစ်သည်။

စိုက်ပျိုးရာသီတွင် အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် လယ်ထွန်ကိရိယာပြည့်စုံမှုနှင့် မျိုးစပါး ရရှိအသုံးပြုမှုတို့သည် အရေးပါသည်။ ယခုအခါ ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများဖြစ်သည့် ငပုတော၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့နယ်တို့သို့ လယ်ထွန်စက်များ ပေးပို့လျက်ရှိသည်။ ပြည်နယ်နှင့် တိုင်းအချို့မှ ကူညီပေးပို့သည့် ကျွဲ၊ နွားများလည်း ရောက်ရှိနေပြီဖြစ်သည်။

စိုက်ပျိုးရေးဒေသများ၌ ထွန်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းလုပ်ကိုင်နိုင်စေရန် လယ်ထွန်စက်များ ပိုမိုလိုအပ်မည်ဖြစ်သည်။ လက်တွန်းထွန်စက်များကဲ့သို့ ထိရောက်စွာထွန်ယက်နိုင်သည့် တန်ဖိုးနည်းတစ်ဘီးထွန်များ တစ်ပိုင်တစ်နိုင်ကူညီပံ့ပိုးကြခြင်းဖြင့် အချိန်မီထွန်တုံးပိတ်နိုင်ရေး အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ထွန်တုံးပိတ်မည့်အချိန်ကာလ၊ ရာသီအချိန်မီထွန်ယက်နေမှုနှင့်အတူ စိုက်ပျိုးမည့်မျိုးစပါးများ လုံလောက်စွာ စုဆောင်းရရှိရန်လည်း လိုအပ်သည်။ အထူးသဖြင့် ဒေသမျိုးရင်း သက်ငယ်မျိုးစပါးများကို စိုက်ပျိုးသင့်ပေသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် မိုးဒဏ်၊ လေဒဏ်၊ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံနိုင်သည့် သဘာဝအနေအထားရှိသဖြင့် မနောသုခ၊ ရွှေဝါထွန်း၊ ဆင်းရွှေဝါကဲ့သို့ အထွက်ကောင်းစပါးမျိုးများနှင့်ငစိန်၊ တောင်ယာ၊ နှံကား၊ ငကျွဲ၊ မီးဒုံးစသည့် ဒေသမျိုးရင်း မျိုးစပါးများကို ပြန်လည်စိုက်ပျိုးကြရမည်ဖြစ်သည်။

ဒေသမျိုးရင်းစပါးမျိုးများအနေဖြင့် ဧရာဝတီတိုင်းအတွင်းမှ မုန်တိုင်းလွတ်ရာ ခရိုင်၊ မြို့နယ်များရှိ မျိုးသန့်ခြံများ၊ ဆန်စက်များရှိ သိုလှောင်ထားသော စပါးများရရှိနိုင်သည့်အပြင် မုန်တိုင်းဒဏ်ခံဒေသရေစိုမိုးမိ စပါးများထဲမှ စိုက်ပျိုးနိုင်သော မျိုးစပါးများကိုလည်း ရွေးထုတ်အသုံးပြုနိုင်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များက လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များကို အဘက်ဘက်က ကူညီဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံ တောင်သူလယ်သမားများက စိုက်ပျိုးရာသီအချိန်မီထွန်တုံးပိတ် စိုက်ပျိုးပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဇွန် ၉

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် မော်လမြိုင်ကျွန်းမြို့၌ လေဘေး၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်တွင် ထောက်ပံ့ရေးပစ္စည်းများကို မော်တော်ဖြင့်တင်ဆောင်၍ နတ်မှူးကျေးရွာအုပ်စု အောင်လှိုင်ကျေးရွာသို့ရောက်ရှိပြီး မူလနေထိုင်ရာ နေအိမ်များ၌ ဒေသထွက်ခေါ် နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပအလှူရှင်များက ထောက်ပံ့ပေးထားသော မိုးကာစ၊ တာပေါ်လင်တို့ဖြင့် ပြုပြင်ဆောက်လုပ်ကာ နေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၁၀၇ စုသို့ ရွှေမြိုင်အောင်နှစ်ထပ်သင်္ဘောကြီးဖြင့် ကြိုတင်ပေးပို့ထားသော ဆန်၊ ဆီ၊ စားသောက်ဖွယ်ပစ္စည်းများ၊ ပန်းကန်၊ ခွက်ယောက်များ၊ စည်သွတ်ဘူးများ၊ မျက်နှာသုတ်ပဝါများ၊ စောင်များ၊ သောက်ရေသန့်များ၊ ခေါက်ဆွဲခြောက်များ၊ ကျားဝတ်၊ မဝတ်လုံချည်များ၊ အဝတ်အထည်မျိုးစုံ၊ ဖယောင်းတိုင်၊ သွားတိုက်ဆေး၊ မီးခြစ်စသည့် လူသုံးကုန်ပစ္စည်းများ၊ မုန့်မျိုးစုံ၊ ပေါက်ပြားများကို အိမ်တိုင်ရာရောက် ဖြန့်ဝေပေးသည်။

ထို့အပြင် ဝန်ကြီးနှင့် အဖွဲ့သည် နတ်မှူးကျေးရွာအုပ်စုရှိ နတ်မှူး၊ အောင်လှိုင်၊ ငြိမ်းဦး၊ ကျွန်းကြီး၊ ဒေါင်းဦးတို၊ မဲဇလီ၊ ချိုးဖြူ မြစ်တန်း၊ ကြက်တူရွေးကျေးရွာများနှင့် ကျားချောင်းကျေးရွာအုပ်စုမှ လေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များက ပေးပို့လှူဒါန်းထားသော ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာအလိုက် ဖြန့်ဝေပေးသည်။

ထို့နောက် အောင်လှိုင်ကျေးရွာရှိ လူမှုရေးအသင်းအဖွဲ့များသို့ လေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ စက်မှုလယ်ယာဦးစီးဌာနများမှ ပေးပို့ထားသော လက်တွန်းလယ်ထွန်စက်များဖြင့် အောင်လှိုင်ကျေးရွာမှ လယ် မြေဧက ၂၀ တွင် စပါးများ ပျိုးထောင်စိုက်ပျိုးနိုင်ရန် စုပေါင်းထွန်ယက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မြတ်သာရွာဝကျေးရွာအုပ်စု မြတ်သာရွာဝကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှပေးပို့ထားသောလက်တွန်းလယ်ထွန်စက်များဖြင့် ထွန်ယက်ရန် ပြင်ဆင်နေမှုအခြေအနေများ၊ မြတ်သာရွာဝကျေးရွာမှ လယ်မြေဧက ၂၀ တွင်လက်တွန်းလယ်ထွန်စက်များဖြင့် ပျိုးခင်းများ စတင်ထွန်ယက်ပေးနေမှုအခြေအနေများအား ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပြုပြင်ပြီးစီးပြီးဖြစ်သော ကျေးရွာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမူလတန်းကျောင်းတွင် မြတ်သာရွာဝကျေးရွာအုပ်စုမှ လေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ပစ္စည်းများ၊ ပန်းကန်၊ ခွက်ယောက်များ၊ စည်သွတ်ဘူးများ၊မျက်နှာသုတ်ပဝါများ၊စောင်များ၊ သောက်ရေသန့်များ၊ ခေါက်ဆွဲခြောက်များ၊ ကျားဝတ်၊ မဝတ်လုံချည်များ၊ အဝတ်အထည်မျိုးစုံ၊ ဖယောင်းတိုင်၊ သွားတိုက်ဆေး၊ မီးခြစ်စသည့် လူသုံးကုန်ပစ္စည်းများ၊ မုန့်မျိုးစုံ၊ ပေါက်ပြားအစရှိသည့် ထောက်ပံ့ရေးပစ္စည်းများကို ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မော်လမြိုင်ကျွန်းမြို့နယ် နတ်မှူးကျေးရွာအုပ်စုနှင့် မြတ်သာကျေးရွာအုပ်စုမှ လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့အပြင် မြတ်သာရွာဝကျေးရွာအုပ်စုမှ မြတ်သာရွာဝ၊ ဇီးဖြူ ရှောက်ချောင်း၊ အညာစု၊ ငှက်သိုက်ကျေးရွာများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် နှံကားမျိုးစပါးတင်း ၁၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် ရွှေမြိုင်အောင် နှစ်ထပ်သင်္ဘောကြီးဖြင့် လိုက်ပါလာသော မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှ မွန်ပြည်နယ် အဆုတ်ရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာရှိန်မြင့်ဟန်တို့ဦးစီးသော အထူးကုဆရာဝန်ကြီးများအဖွဲ့က လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသခြင်းတို့ ဆောင်ရွက်ပေးရာ နတ်မှူးကျေးရွာအုပ်စုနှင့် ကျားချောင်းကျေးရွာအုပ်စုတို့မှ လူနာ ၇၇ ဦးအားလည်းကောင်း၊ မြတ်သာရွာဝ၊ မြတ်သာရွာမ၊ မြတ်သာဇီးဖြူ မြတ်သာဦးတိုကျေးရွာအုပ်စုတို့မှ လူနာ ၂၄၂ ဦးအားလည်းကောင်း ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၉

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရသောဒေသများအတွက်ပြည်တွင်း၊ ပြည်ပမှစေတနာရှင်၊အလှူရှင်များက အလှူငွေများအား ဆက်လက်လှူဒါန်းလျက်ရှိရာ ဇွန် ၈ ရက်တွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ လက်ခံသည်။

အလှူရှင်များမှာ မဖြူစင်သစ်၊ မစုမြတ်နွေး၊ မထက်ထက်ရီအောင်၊ အထက(၂)ဗဟန်းတို့ကငွေကျပ်ခုနစ်သောင်း၊ ဦးဌေးလှိုင်နှင့် ဒေါ်ခင်စန်းနိုင်၊ သမီး မယင်းမာလှိုင် မိသားစု-ပြည်မြို့က ငွေကျပ်တစ်သိန်း၊ ဦးသန်းတင် (လဝက)ညွှန်/မှူးနှင့် ဒေါ်အေးအေးချိုမိသားစုက ငွေကျပ်တစ်သိန်း၊ ဗိုလ်ကြီးသူရကျော်ရှိန်(ငြိမ်း)လွတ်လပ်ရေးမော်ကွန်းဝင်တတိယဆင့်မိသားစု အလုံမြို့နယ်က ငွေကျပ် ၁၁၁၀၀၀၊ မသန္တာသိမ်း ဗဟန်းမြို့နယ်က ငွေကျပ်တစ်သောင်းနှင့် ကိုဇော်ဝင်းနိုင်နှင့် မစန္ဒာမင်းမင်းအုန်း(၃၉)လမ်းရန်ကုန်မြို့က အက်ဖ်အီးစီ၁၀၀တို့ဖြစ်သည်။

ဇွန် ၈ ရက်တွင် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၃၉၁၀၀၀ နှင့်အက်ဖ်အီးစီ ၁၀၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံလေဘေးသင့်ပြည်သူများအတွက် အလှူရှင်ငွေကျားတိုက် (Silver Tiger Co., Ltd. OPPLE Lighting)မှ တီရှပ် ၁၀၀၂ ထည်ကို ပေးအပ်လှူဒါန်းစဉ်။

(လူမှုဝန်ထမ်း)

လေဘေးသင့်ပြည်သူများအတွက် တီရှပ်များ လှူဒါန်း

ရန်ကုန် ဇွန် ၉

လေဘေးသင့် ပြည်သူများအတွက် အလှူရှင်ငွေကျားတိုက် (Silver Tiger Co.,Ltd. OPPLE Lighting)က ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ တီရှပ် ၁၀၀၂ ထည်ကို ဇွန် ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာခန်းမသို့ လာရောက်လှူဒါန်းရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ဦးအောင်သောင်းနှင့် ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသည့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းသို့ သွားရောက်ကြမည့် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၌ လေဘေးကျရောက်ခဲ့မှုများ၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ် ပူးပေါင်း၍ လေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှု၊ ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနေမှုများကို အသေးစိတ်ပဏာမ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးရန်၊ ပြည်သူလူထုအကျိုးကို ကာကွယ်စောင့်ရှောက်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် အသင်းကြီးဖြစ်ကြောင်း။

လက်တွဲကူညီဖြေရှင်းဆောင်ရွက်

ယခုကဲ့သို့ သဘာဝဘေးဒဏ် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်သူများ၏ အခက်အခဲများကို လက်တွဲကူညီဖြေရှင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ သွားရောက်ရမည့် ဧရာဝတီတိုင်းဒေသများသည် ပင်လယ်ကမ်းခြေဒေသများဖြစ်၍ သွားလာရေးမှ အစ အခက်အခဲအချို့ ကြုံတွေ့နိုင်ကြောင်း။

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ သွားရောက်ကြမည့် အသင်းဝင်များအတွက် လိုအပ်သည်များ ပြည့်စုံအောင် ဌာနချုပ်ကလည်း စီစဉ်ပေးထားသည်ဟု သိရှိရကြောင်း။

ယင်းဒေသများသို့ သွားရောက်ကြမည့် အသင်းဝင်များအနေဖြင့် သူ့အလုပ် ကိုယ့်အလုပ်မခွဲခြားဘဲ ဒေသခံပြည်သူများ၏ နေရေး၊ စားရေး၊ ကျန်းမာရေး ကိစ္စများကို စေတနာအပြည့်ဖြင့် ကူညီဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ရပ်ရေး ရွာရေးသည် အမျိုးသားရေး၏ လူမှုရေးဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ်ရာ လူမှုရေးဆိုင်ရာ ရပ်ရေးရွာရေးများကို အသင်းဝင်များအနေဖြင့် အောင်မြင်အောင် အသင်းကြီး၏ လူမှုရေးဆိုင်ရာ အခြေခံမူနှင့်အညီ ကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဧရာဝတီတိုင်းသို့ သွားရောက်ကြမည့် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ကြမည့် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ယူဆောင်သွားမည့်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီးချုပ်အား တာဝန်ရှိသူများက လေဘေးသင့်ဒေသများသို့ သွားရောက်ရာတွင် အသင်းဝင်များ ယူဆောင်သွားမည့်ပစ္စည်းများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လေဘေးသင့်ဒေသများ၌ အသင်းဝင်များ စခန်းချနေထိုင်မည့် ယာယီရွက်ဖျင်တဲနမူနာကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ကချင်ပြည်နယ်က ဒုတိယအကြိမ် ငွေကျပ်သိန်း ၆၉၀၀ ကျော် လှူဒါန်း

ရန်ကုန် ဇွန် ၉

မုန်တိုင်းသင့် ပြည်သူများအတွက် ကချင်ပြည်နယ် ခရိုင်နှင့် မြို့နယ် အသီးသီးတို့မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ တပ်မတော်မိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ပေးပို့လှူဒါန်းလျက်ရှိရာ ဒုတိယအကြိမ်အဖြစ် ဇွန် ၉ရက်က ငွေကျပ် ၆၉၅၂၂၄၆၁၀ ကို ရန်ကုန်မြို့ရှိ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ဆပ်ကော်မတီသို့ ပေးပို့လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

မေ ၉ရက်က လှူဒါန်းပေးပို့ခဲ့ပြီးဖြစ်သည့် ငွေကျပ် ၁၀၀၀၀၀၀၀၀၀ နှင့် ငွေကျပ် ၆၉၀၅၀၀၀တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ အပါအဝင် ဇွန် ၉ရက်အထိ လှူဒါန်းပြီးငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၇၀၂၁၂၉၆၁၀ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ လပွတ္တာနှင့် ဘိုကလေးမြို့နယ်တို့ရှိ ကျေးရွာများသို့ သွားရောက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည်

ရန်ကုန် ဇွန် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ် ၂၆၄ ဦးပါဝင်သောအဖွဲ့သည် လပွတ္တာမြို့နယ်ရှိ လှိုင်းဘုန်း၊ ပြင်စလူ၊ ဆင်ခြေရာ၊ စလူဆိပ်ကျေးရွာတို့နှင့် ဘိုကလေးမြို့နယ်ရှိ ကြိမ်ချောင်း၊ စက်ဆန်းကျေးရွာတို့သို့ ဇွန် ၁၀ရက်တွင် စတင်ထွက်ခွာ၍ လေဘေးသင့်ဒေသများ၏ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် သွားရောက်ပါဝင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ **အဖွဲ့ဝင်များအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်က သွားလာနေထိုင်ရေးအတွက် စရိတ်များကျခံပေးပြီး စားသောက်ရေးအတွက် အိုးခွက်ပန်းကန်များ၊ စားနပ်ရိက္ခာများ အပြည့်အစုံပါရှိကာ နေထိုင်ရေးအတွက်လည်း ရွက်ဖျင်တဲများ အလုံအလောက် သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။**

အဆိုပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ လေဘေးသင့်ဒေသများတွင် သွားရောက်ကူညီလုပ်ကိုင်ဆောင်ရွက်နေသည့်ကာလအတွင်း သွားလာနေထိုင် စားသောက်ရေးစရိတ်စက အဝဝကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်က တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မိဘမဲ့ကျောင်းဆောက်လုပ်ရန် ဒေါ်လာနှစ်သောင်းလှူဒါန်း

ရန်ကုန် ဇွန် ၉

ဂျပန်နိုင်ငံ ကိုယာဆန်မြို့ ဂျော်ဖူးကူ အင်းကျောင်းတော်မှ ဘုန်းတော်ကြီး Reverend Zuiho Naka-shita (Headpriest, jofuku-In temple koyasan)က လေဘေးသင့်ဒေသရှိ မိဘမဲ့ကလေးများအတွက် သင်တန်းကျောင်းဆောက်လုပ်ရန်ပထမအကြိမ်အဖြစ်အလှူငွေအမေရိကန်ဒေါ်လာနှစ်သောင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမသို့ လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အလှူငွေနှင့် အလှူပစ္စည်းများ လက်ခံရေးနှင့် **ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။**
(သတင်းစဉ်)

ဥတုရာသီ တောကို မှီ၏

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတိုင်းလေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ကြမည့် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းရှေ့ဖုံး) (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် မမွေးကျွန်းရွာ မူလတန်းလွန်ကျောင်း၌ ပုံမှန်စာပေသင်ကြား

ရန်ကုန် ဇွန် ၉

မော်လမြိုင်ကျွန်းမြို့နယ် မမွေးကျွန်းရွာ မူလတန်းလွန်ကျောင်း၌ လေဘေးဒဏ်ခံရပြီးနောက် လုံးဝပျက်စီးသွားသည့် ကျောင်းဆောင်တစ်ဆောင်နေရာ၌ ယာယီရွက်ဖျင်တဲဖြင့် အစားထိုးကာ စာပေသင်ကြားမှုများပြုလုပ်နေကြောင်း မမွေးကျွန်းရွာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းကြူထံမှ သိရှိရသည်။

မမွေးကျွန်းရွာ မူလတန်းလွန်ကျောင်း၌ ယခုနှစ် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသားဦးရေမှာ ၃၀၀ ရှိပြီး ယခင် ပညာသင်နှစ်ထက် ကျောင်းသား၊ ကျောင်းသူဦးရေ ပိုမိုများပြားကြောင်း၊ အဆိုပါ လုံးဝပျက်စီးသွားသည့်ကျောင်းဆောင်မှအပ ကျန်ပျက်စီးသွားသည့် ကျောင်းဆောင်များအားလုံးမှာ ပြန်လည်ပြုပြင်ပြီးဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအားလုံး ပုံမှန်စာပေသင်ကြားမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အသင်းဝင်များ ယူဆောင်သွားမည့် ပစ္စည်းများ

ဧရာဝတီတိုင်းလေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ကြမည့် ပြည်နယ်/တိုင်းများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ ယူဆောင်သွားမည့် ပစ္စည်းများကို တွေ့ရစဉ်။ (အောက်ဝဲပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ဧရာဝတီတိုင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ ဇွန် ၁၀ရက်(ယနေ့) သက်ဆိုင်ရာကျေးရွာများသို့ ထွက်ခွာမည်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ရေးအတွက် သွားရောက်ကြမည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များနှင့် စပ်လျဉ်း၍သတင်းထုတ်ပြန်နိုင်ရန် ကျွန်တော်တို့သတင်းအဖွဲ့သည် ၎င်းတို့ခေတ္တတည်းခိုနေသည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၌ဌာနချုပ်ရုံးသို့ ရောက်ရှိခဲ့ကြပါသည်။

ပထမဦးစွာ လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ၌ အခြေပြု၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်မည့် အဖွဲ့(၁) ခေါင်းဆောင် ကရင်ပြည်နယ် ဘားအံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဇော်မင်းအောင်ကို တွေ့ဆုံမေးမြန်းရာ မိမိတို့အဖွဲ့(၁)တွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ အသင်းဝင်လူငယ် ၁၂ဦးစီနှင့် ဒေသခံဧရာဝတီတိုင်းမှ ငါးဦးတို့ပါဝင်ပြီး လှိုင်းဘုန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရွာများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အဖွဲ့များအားလုံး၏ သွားလာနေထိုင်စားသောက်ရေးစရိတ်စကအဝဝကို ဌာနချုပ်က တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အဖွဲ့အားလုံးတွင် ရိက္ခာများ၊ ပန်းကန်ခွက်ယောက်များ၊ ရွက်ဖျင်တဲများ အပြည့်အစုံပါရှိကြောင်းဖြင့် ပြောကြားသည်။

အလားတူ လပွတ္တာမြို့နယ် ပြင်စလူကျေးရွာ၌ အခြေပြုဆောင်ရွက်မည့် အဖွဲ့(၂)ခေါင်းဆောင် စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်က ၎င်းတို့အဖွဲ့တွင် ချင်းပြည်နယ်မှ အသင်းဝင်လူငယ် ၁၂ဦး၊ စစ်ကိုင်းတိုင်းမှ ၂၀၊ ရန်ကုန်တိုင်းမှ ၁၀ ဦး၊ ဒေသခံဧရာဝတီတိုင်းမှ ငါးဦးတို့ပါဝင်ကြောင်း၊လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာတွင် အခြေပြုဆောင်ရွက်မည့် အဖွဲ့(၃)ဒုတိယခေါင်းဆောင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးနေလင်းသိန်းက ၎င်းတို့အဖွဲ့တွင် ကချင်ပြည်နယ်မှ ၁၂ဦး၊ မကွေးတိုင်းမှ ၂၀၊ ရန်ကုန်တိုင်းမှ ၁၀ဦးနှင့် ဒေသခံဧရာဝတီတိုင်းမှ ငါးဦးတို့ပါဝင်ကြောင်း၊ လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ၌ အခြေပြုဆောင်ရွက်မည့် အဖွဲ့(၄)

သတင်းဆောင်းပါး-တိုးနိုင်၊ ရီရီမြင့်(သတင်းစဉ်) ဓာတ်ပုံ-လှမိုး(သတင်းစဉ်)

ခေါင်းဆောင် မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းညီညီလွင်က ၎င်းတို့အဖွဲ့တွင် ပဲခူး(အရှေ့)၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့မှ ၁၂ဦးစီနှင့် ဒေသခံဧရာဝတီတိုင်းမှ ငါးဦးတို့ပါဝင်ကြောင်း၊ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကျေးရွာကို အခြေပြုဆောင်ရွက်မည့် အဖွဲ့(၅)ခေါင်းဆောင် ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးသန်းဇော်ထွန်းက ၎င်းတို့အဖွဲ့တွင် တနင်္သာရီတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တို့မှ အသင်းဝင်လူငယ် ၁၂ဦးစီနှင့် ဒေသခံဧရာဝတီတိုင်းမှ ငါးဦးတို့ပါဝင်ကြောင်း၊ ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာကို အခြေပြုဆောင်ရွက်မည့် အဖွဲ့(၆)ခေါင်းဆောင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါက်တာရဲဝင်းနိုင်က ၎င်းတို့အဖွဲ့တွင် ကယားပြည်နယ်မှ ၁၂ဦး၊ မန္တလေးတိုင်းမှ ၂၀ဦး၊ ရန်ကုန်တိုင်းမှ ၁၀ဦးနှင့် ဒေသခံဧရာဝတီတိုင်းမှ ငါးဦးတို့ ပါဝင်ကြောင်း ပြောကြားသွားသည်။

ယခုအခါ ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ် စုစုပေါင်း ၂၆၄ဦးတို့သည်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် အဖွဲ့(၆)ဖွဲ့ခွဲကာ တက်ကြွစွာ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားကြမည်ဖြစ်သည်။

ထိုအဖွဲ့(၆)ဖွဲ့အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ITပညာကျွမ်းကျင်သော အသင်းဝင်လူငယ် ၁၂ဦးတို့ကလည်း တစ်ဖွဲ့လျှင်နှစ်ဦးစီဖြင့် ပြန်လည်တည် ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတင်းဆက်သွယ်ရေးနည်းပညာများဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ သွားရောက်ကြမည့် အဖွဲ့ ခြောက်ဖွဲ့ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ စားသောက်ကုန်

လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ၌ အခြေပြု၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း များကို ဆောင်ရွက်မည့် အဖွဲ့(၁) ခေါင်းဆောင်အား တွေ့ဆုံမေးမြန်းစဉ်။

ပစ္စည်းများနှင့် ၁၂ ဦးတစ်ဖွဲ့လျှင် ရှေးဦးသူနာပြုသေတ္တာ၊ ငါးမန်းလွှ၊ ပေါက်ပြား၊ ဂေါ်ပြား၊ ဓား၊ တူ၊ တူရွင်း၊ လွှ၊ သံမျိုးစုံ၊ သွပ်နန်းကြိုး၊ ပလာယာ၊ ဟင်းအိုး၊ ထမင်းအိုး၊ ဒယ်အိုး၊ ရေသန့်ဘူး၊ အိမ်သာခွက်၊ အိမ်သာသုံး စက္ကူများကိုလည်းကောင်း၊ စခန်းတစ်ခုစီတွင် ဂြိုဟ်တုစလောင်း၊ IP Star, CDMA(450) တယ်လီဖုန်း၊ Digital Camera၊ Fax၊ Computer၊ Inverter၊ အသံချဲ့စက်၊ ကက်ဆက်၊ မီးစက်၊ မီးချောင်း၊ မီးကြိုး၊ သံခေါက်စားပွဲ၊ သံခေါက် ကုလားထိုင်၊ လူ ၁၀ ယောက်စီး ပဲ့ထောင်လှေတစ်စင်း၊ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ အင်ဂျင်ဝိုင်၊ မိုးကာတဲ၊ ငါးထပ်သားပြားများကို လည်းကောင်း ပံ့ပိုးပေးထားပြီး ဇွန် ၁၀ ရက်တွင် ကုန်းလမ်းခရီး၊ ရေလမ်းခရီးတို့ဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ကြမည့် ဒေသများသို့ အသီးသီးထွက်ခွာကြမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံ လေဆိပ် လေယာဉ်ပြေးလမ်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်းတည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၈ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ကျိုင်းတုံမြို့သို့ ရောက်ရှိရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးနှင့် လေယာဉ်ကွင်းအထူးအဖွဲ့(၁)မှ အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့က အရှည်ပေ ၄၇၀၀ ရှိ မူလလေယာဉ်ပြေးလမ်းကို အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀၊ အောက်ခံအထူ ၁၈ လက်မဖြင့် ကတ္တရာကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ဆောင်ရွက်နေမှု၊ လုပ်ငန်းများကို လေယာဉ်ကွင်း အထူးအဖွဲ့(၃)၊ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီနှင့် လေယာဉ်ကွင်း အထူးအဖွဲ့ (၁)တို့က ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် မေ ၁ ရက်တွင် လုပ်ငန်းများ ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မြေနိမ့်ပိုင်းနေရာများကို မြေကြီးများဖြည့်ရာ၌ အဝေးမှမြေသားများကို မယူဘဲ ပြေးလမ်းပေါ်နှင့် ပြေးလမ်းဘေးရှိ မြေများကိုသာယူ၍ ဖြည့်ဆည်းလုပ်ကိုင်ကြရန်နှင့် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လေယာဉ်ပြေးလမ်းတိုးချဲ့ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လေယာဉ်ပြေးလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

အဆိုပါ လေယာဉ်ပြေးလမ်းသည် ပေ ၈၀၀၀ × ၁၅၀ ကတ္တရာကွန်ကရစ်အမျိုးအစားဖြစ်ပြီး ပြေးလမ်းခံနိုင်ရည်အားမှာ ၆၂ တန် ရှိကြောင်းနှင့် စုစုပေါင်း ကုန်ကျငွေမှာ ငွေကျပ် ၄၀၃၉၁သမ၀၀၉ သန်း ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အင်္ဂုတ္တရာအမြတ်ရှာ" တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၈း၀၅ - ၂း၀၅	ကြည့်စွအယူ ခန္ဓာ့အလှူ ဓမ္မနှင့်လူ
၈း၂၅ - ၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀ - ၂း၃၀	Sunday Talk
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	ဒေါက်တာချစ်ငယ်(ဒဿန) Ph.D ၏ နိဗ္ဗာန်ဆီသို့ အထူးတရားပွဲ(၂) (ဟဲယာရွာမ၊အင်းလေး)
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	Yangon Panorama
၁၀း၀၀ - ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	သဘာဝအလှ သနပ်ခါးက
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	ရွှေးချယ်အစုံစုံရင်သွေးရိပ်မြုံ (SUMMIT International Learning Centre)
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ဗဟုသုတလေ့လာပါ RESOURCE CENTER မှာ
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	လှပသစ်ဆန်းအလှပြင်ခန်း "Expression"
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ(ဒုတိယပိုင်း) (ပါမောက္ခ ဒေါက်တာမြသိန်းဟန်)
၁၂း၁၀ - ၆း၁၀	Music Gallery (ကျွန်တော်တို့ဂီတရပ်ဝန်းမှာ)
၁၂း၃၀ - ၆း၃၀	ဆုံးရှုံးမှုမှသည် ဘက်စုံထူထောင်ရေးလုပ်ငန်းများဆီသို့ (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဂီတအစည်းအရုံးတို့၏ လေဘေးရန်ပုံငွေအလှူပွဲ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ရေ့တန်းစခန်းများဖွင့်လှစ်ပြီး တောင်သူလယ်သမားများအား မျိုးစပါးများ ဖြန့်ဝေမည်

ရန်ကုန် ဇွန် ၉

မော်လမြိုင်ကျွန်းမြို့နယ် အတွင်း လေဘေးသင့်ခံရသော တောင်သူလယ်သမားများအား မျိုးစပါးများ အချိန်မီ ဖြန့်ဝေပေးနိုင်ရေးအတွက် မျိုးစပါးဖြန့်ဝေရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်ကျွန်းမြို့မှ သင်္ဘောဖြင့် ထွက်ခွာသွားသည်။

တောင်သူလယ်သမားများအား မျိုးစပါးများ ဖြန့်ဝေပေးနိုင်ရန် တစ်ဖွဲ့လျှင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းခြောက်ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် မျိုးစပါးများ ဖြန့်ဝေရေး ရှေ့တန်းစခန်းများဖွင့်လှစ်ကာဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် မော်လမြိုင်ကျွန်းမြို့နယ် အတွင်းရှိ ကြက်လျှာ၊ ရှောက်ချောင်း၊ ကွင်းချောင်း၊ နတ်မှူးနှင့် မြတ်သာဇီးဖြူကျေးရွာများ၌ ရှေ့တန်းစခန်းငါးခု ဖွင့်လှစ်ကာ မျိုးစပါးတင်းပေါင်း ၁၁၇၄၈ တင်းကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ဒုတိယ တိုင်းမန်နေဂျာ ဦးတင်မောင်ထွန်းထံမှ သိရှိရသည်။ (သတင်းစဉ်)

ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးတွင် ပူးပေါင်းပါဝင်ကူညီ လှူဒါန်းလျက်ရှိ

ရန်ကုန် ဇွန် ၉

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် နိုင်ငံသားပိုင် Farmer Phoyarzar Co., Ltd. သည် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော မြို့ပေါ်ရှိ သာသနာ့ဗိမာန်တော်ကြီး၊ ဒေးဒရဲမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ တော်ကျိုက်ကျေးရွာ မူလတန်းကျောင်းတို့ကို ပြန်လည်ပြုပြင်မွမ်းမံလှူဒါန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ မြို့ပေါ်နှင့် ကျေးရွာများရှိ စာသင်ကျောင်းများကိုလည်း ပြုပြင်မွမ်းမံလှူဒါန်းသွားမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ပေါ်တူဂီ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၀၈ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပေါ်တူဂီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလူးဝစ်အာမာဒိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့် ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ပျော်ရွှင်ပါစေ (အပိုင်း-၃၂)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေး တေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဗွီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သွေးသစ္စာခေါး (အပိုင်း-၂၇)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

သောက်သုံးရေနှင့် ပတ်သက်၍

သတိပေးနှိုးဆော်ချက်

- မသန့်ရှင်းသောသောက်ရေ၊ သုံးရေများကြောင့် ပြည်သူအများ ဝမ်းပျက်ဝမ်းလျှောရောဂါအန္တရာယ် ကျရောက်နိုင်ပါသည်။
- သောက်ရေ၊ သုံးရေမှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးပါ။
- ကျန်းမာရေးဝန်ကြီးဌာနမှ သောက်သုံးရန်မသင့်ဟု ကြေညာထားသော သောက်ရေသန့်များကို မသောက်သုံးသင့်ပါ။
- ရေသန့်ပင်ဖြစ်လင့်ကစား မသောက်မီ ရေကိုကျိုချက်ပြီးမှ သောက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၊ ရေလုပ်ငန်းပြန်လည် ထူထောင်ရေးအတွက် ဖြည့်ဆည်းပေးသွားမည့် ရေလုပ်ငန်းသုံးကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

ဆက်ကပ်လှူဒါန်း

မုန်တိုင်းဒဏ်သင့် ပြည်သူများအား ကူညီပံ့ပိုးနိုင်ရန်အတွက် နေပြည်တော်တပ်ကုန်းမြို့နယ် ပုပ္ပားကုန်းကျေးရွာနေ ဒေါ်ရင်နှင့်သား၊ သမီး၊ မြေး၊ မြစ်များက ကွယ်လွန်သူ ဦးထွန်းဝေအား ရည်စူး၍ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ အရှင်သူမြတ်ထံ အလှူငွေကျပ်၁၃သိန်း ဆက်ကပ်လှူဒါန်းစဉ်။(က-ပ)

သားငါးကဏ္ဍများ၏ သဘာဝလေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်မှာကြား

ရန်ကုန် ဇွန် ၉

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အသားကဏ္ဍနှင့် ငါးကဏ္ဍများ၏ သဘာဝလေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေးနှင့် လုပ်ငန်းများ ပြန်လည်လည်ပတ်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း လေမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ပင်လယ်ပြင်ဖမ်းဆီး ထုတ်လုပ်ရေးအပိုင်း၊ မွေးမြူထုတ်လုပ်ရေးအပိုင်းနှင့် ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သော လုပ်ငန်းပိုင်းများ ပြန်လည်ထူထောင်ရေးနှင့် လုပ်ငန်းများ လျင်မြန်စွာ လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်နှင့် ဝန်ကြီးဌာနများက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို အသေးစိတ်ဆွေးနွေးရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်၊ မြန်မာနိုင်ငံပင်လယ်ကမ်းဝေးစက်လှေ ပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ရေလုပ်ငန်းရှင်များက မိမိတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းလိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးက တင်ပြချက်များအပေါ် စက်သုံးဆီနှင့် ရေလုပ်ငန်းသုံး စက်ကိရိယာများ ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အခြေအနေ၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေဘေးသင့်ဒေသ ရေလုပ်ငန်းပြန်လည် ထူထောင်ရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည့် ရေလုပ်ငန်းသုံးကိရိယာများနှင့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် ပြည်သူများအား အထက(၂) လသာ ကျောင်းသူဟောင်းများ လှူဒါန်း

ရန်ကုန် ဇွန် ၉

အထက(၂)လသာ ကျောင်းသူဟောင်းများအဖွဲ့က ဦးစီး၍ အလှူရှင်များကိုယ်စား မုန်တိုင်းဒဏ်သင့်ပြည်သူများအား မေတ္တာဖြင့် ကူညီလှူဒါန်းကြရာ မေ ၂၃ ရက်တွင် ပထမအကြိမ်အဖြစ် ဘိုကလေးမြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ပြီး အိမ်ထောင်စု ၅၀၀ အားလည်းကောင်း၊ မေ ၃၀ရက်တွင် ဒုတိယအကြိမ်အဖြစ် ဒေးဒရဲနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ မော်တော်ယာဉ်၊စက်လှေများဖြင့်သွားရောက်ပြီး အိမ်ထောင်စု၁၀၀၀ အားလည်းကောင်း အဝတ်အထည်၊ အစားအသောက်၊အိမ်အသုံးအဆောင်နှင့် ဆေးဝါးများ ငွေကျပ်သိန်း ၁၀၀ ကျော်ဖိုး ထောက်ပံ့ပေးအပ်ခဲ့သည်။ ထပ်မံလှူဒါန်းလိုပါက ဒေါ်ဘက်တီညွန့် ဖုန်း-၀၉၅၀၀၈၂၆၁၊ ဒေါ်ဒေါရစ်အုံး ဖုန်း-၀၉၅၀၀၈၂၆၅၊ဒေါ်သီတာလူ ဖုန်း-၀၉၅၁၄၂၂၅၈၊ ဒေါ်ခင်မြတ်မြတ်အောင်(အလိမ္မာ)ဖုန်း-၀၉၈၀၃၀၇၂၉၊ ဒေါ်လဲ့လဲ့ဦး ဖုန်း-၀၉၅၁၀၃၃၂၃၊ဒေါ်ပိုနွဲ့အေး ဖုန်း-၀၉၅၀ ၅၄၄၇၂နှင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး အဖွဲ့ဝင်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်စာပေညီလာခံ ဗဟိုဦးစီးအစည်းအဝေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ကျော်ညွန့်ရည်စာပေတိုက်ပိုင်ရှင် ဦးကျော်ညွန့် (ကျော်ညွန့်ရည်)-ဒေါ်ဝါဝါကျော်တို့က အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)တို့က လက်ခံစဉ်။ (သတင်းစဉ်)

လေမုန်တိုင်းဒဏ်သင့် ပြည်သူများအား မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ငူ)မှ လှူဒါန်း

တောင်ငူ ဇွန် ၉

လေမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် မြန်မာနိုင်ငံဆရာဝန်အသင်း (တောင်ငူ)က လူသားချင်း စာနာသော ကူညီထောက်ပံ့ငွေ ကျပ်ငါးသိန်းကို အသင်းဥက္ကဋ္ဌ သမားတော်ကြီး ဒေါက်တာသန့်ဇင်က တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းထံ မေ ၁၀ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ငူ)အသင်းခန်းမဆောင်၌ လှူဒါန်းသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း(တောင်ငူ)အနေနှင့် အသင်းဝင်ဆရာဝန်များ တစ်ဦးချင်းအလိုက် စုပေါင်း၍ အလှူငွေကျပ် ၁၉၂၀၈၅၀ နှင့် သက်န်း၊ အဝတ်အစား၊ ဆန်၊ ဦးထုပ်၊ ဖိနပ်၊ ဆပ်ပြာ၊ ခါတ်မီး၊ ဆေးပစ္စည်းမျိုးစုံတို့ကိုလည်း အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဘဆွေဦးဆောင်၍ တောင်ငူမြို့မှ စေတနာရှင် မြို့သူ၊ မြို့သားများ၏ လှူဒါန်းငွေ၊ အသုံးအဆောင်ပစ္စည်း၊ စားစရာများနှင့်အတူ မေ ၁၆ ရက်မှ ၁၇ ရက်အထိ ဧရာဝတီတိုင်း ကွမ်းခြံကုန်း၊ ဂျိုးဖြူ ဝါးကောက်၊ ဓမ္မိကာရုံ စာသင်တိုက်၊ ခါတော်မှီကျောင်းတိုက်၊ ကမာကလုံချောင်းဖျား၊ ဖျာပုံ၊ ဒေးဒရဲချောင်းဖျား၊ ဟိုင်းကြီးကျွန်း၊ ဆားမလောက်မြို့နယ်များသို့ ကိုယ်တိုင်သွားရောက် ကူညီထောက်ပံ့ လှူဒါန်းခဲ့ကြောင်း သိရသည်။ (၄၇၂)

မုန်တိုင်းဒဏ်သင့် ဒေသများရှိ ကြက်ခြေနီတပ်ဖွဲ့ဝင်များ အသုံးပြုရန်အတွက် စာရေးကိရိယာများ လှူဒါန်းပွဲကို ဇွန် ၆ ရက်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပရာ အလှူရှင် Bawa Trading Pte Ltd (Singapore) Bawa Group of Companies (Yangon) မန်နေဂျင်းဒါရိုက်တာဟာဂျီ Sar Lay က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူး ဒေါက်တာလှဖေ၊ အမှုဆောင် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ခင်မောင်လှ(ငြိမ်း)နှင့် အကျိုးဆောင် ဘဏ္ဍာထိန်း ဦးကြည်ထံ ပေးအပ်စဉ်။

(ကြေးမုံ)

အထူးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးမည်

ရန်ကုန် ဇွန် ၉

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ လေဘေးသင့်ခံရသော တောင်သူလယ်သမားများ အပါအဝင် တောင်သူလယ်သမားများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် မကြာမီရက်ပိုင်းအတွင်း ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုချေးငွေမှာ ယခင်နှစ်ကထက် ပိုမိုများပြားပြီး တောင်သူလယ်သမားများအနေဖြင့် ငွေကြေးထပ်မံ လိုအပ်ပါကလည်း ငွေကြေးထပ်မံဆောင်းပေးသွားမည် ဖြစ်ကြောင်းသိရသည်။ ထို့ပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းပြီး တောင်သူလယ်သမားများအား လယ်ယာ(၁၆)နှင့် လယ်ယာ(၂၂)လက်တွန်းထွန်စက်များကို အရစ်ကျ ဝယ်ယူခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကော့မှူးနှင့်တွံတေးမြို့နယ်မှ ဌာနဆိုင်ရာများအား တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၈ ရက် နံနက်ပိုင်းတွင် ကော့မှူးမြို့နယ် ဇလုတ်ကြီးကျေးရွာသို့ ရောက်ရှိပြီး တွံတေး-ကော့မှူးလမ်းပေါ်ရှိ ပြိုလဲနေသည့် သစ်ပင်ကြီးများအား အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်၊ မှော်ဘီတပ်နယ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စက်လွှများ အသုံးပြုကာ အပြီးသတ်ရှင်းလင်း၍ ယာဉ်ယန္တရားများပေါ်သို့ တင်ဆောင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကော့မှူးမြို့နယ်မကျည်းကန်ကျေးရွာရှိ လယ်သမားကြီးဦးအေးကြိုင်၏လယ်မြေ ရှစ်ဧကအား လယ်ယာ၁၆ လက်တွန်း ထွန်စက်များဖြင့် စုပေါင်းထွန်ယက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိ၍ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားကာ ကော့မှူးမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရာ၌ အသုံးပြုရန် ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှပေးပို့သော မျိုးစေ့ချကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ကော့မှူးမြို့နယ် မကျည်းကန်ကျေးရွာမှ တောင်သူ ဦးအေးကြိုင်၏ လယ်မြေရှစ်ဧကအား လက်တွန်းထွန်စက်များဖြင့် စုပေါင်းပြန်လည်ထွန်ယက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ကော့မှူးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃၆) ထွန်စက်စခန်း ဝင်းအတွင်း၌ လည်းကောင်း၊ ဇလုတ်ကြီးကျေးရွာ ဇေယျသုခ ကျောင်းတိုက်ဝင်းအတွင်း၌ လည်းကောင်း၊ နတ်စင်ကုန်း ကျေးရွာအတွင်း၌လည်းကောင်း၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လဲကျနေသော သစ်ပင်ကြီးများအားအပြီးသတ်ရှင်းလင်းနေပြီး ယာဉ်ယန္တရားများပေါ်သို့ တင်ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့သည် တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိလာပြီး ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပြန်လည် တည်ဆောက်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် တွံတေးမြို့အဝင် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်စံသာနှင့် တာဝန်ရှိသူများက တိုးချဲ့ရပ်ကွက် အကွက်ချဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြား၍ တိုးချဲ့ရပ်ကွက် တည်ဆောက်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးအတွက် ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝစွမ်းအင်ဆိုင်ရာအဆင့်မြင့်ညီလာခံ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်ဆွေးနွေး

နေပြည်တော် ဇွန် ၉

အီတလီသမ္မတနိုင်ငံ ရောမမြို့၌ ဇွန် ၃ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သော ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝစွမ်းအင်ဆိုင်ရာ အဆင့်မြင့် ညီလာခံတက်ရောက်ခဲ့သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အီတလီသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန်းထွန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန အကြံပေးအရာရှိ(ညွှန်ကြားရေးမှူးချုပ်တာဝန်) ဦးတင်ထွဋ်ဦး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်ထွဋ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး၊ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးဒေါက်တာ ညီညီကျော်၊ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ ကျွမ်းကျင်သူ ဦးထွန်းမြင့်တို့ ပါဝင်ကြသည်။

ဇွန်၃ရက် နံနက်ပိုင်းတွင် အီတလီသမ္မတနိုင်ငံ ရောမမြို့ရှိ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနချုပ် စုံညီအစည်းအဝေးခန်းမ၌ ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးအတွက်ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝစွမ်းအင်ဆိုင်ရာအဆင့်မြင့်ညီလာခံကို စတင်ကျင်းပရာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့်FAOအဖွဲ့ဝင်နိုင်ငံများမှသမ္မတ ၂၅ဦး၊ ဒုတိယသမ္မတ သုံးဦး၊ ဝန်ကြီးချုပ် ၁၂ဦး၊ ဒုတိယဝန်ကြီးချုပ် နှစ်ဦး၊ ဝန်ကြီး ၅၅ ဦးတို့ တက်ရောက်ကြသည်။

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အီတလီသမ္မတနိုင်ငံ ရောမမြို့၌ ကျင်းပသော ကမ္ဘာ့ စားနပ်ရိက္ခာ ဖူလုံရေး အတွက် ရာသီဥတုပြောင်းလဲမှု နှင့် ဇီဝစွမ်းအင်ဆိုင်ရာ အဆင့်မြင့် ညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။ (လယ်/ဆည်)

ဖွင့်ပွဲ အခမ်းအနားတွင် အီတလီသမ္မတနိုင်ငံသမ္မတ Mr. Giorgio Napolitano၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr. Banki-Moon၊ ပုပ်ရဟန်းမင်းကြီး BENEDICT XVI တို့က သဝဏ်လွှာများ ဖတ်ကြားကြသည်။

ယင်းနောက် FAO ညွှန်ကြားရေးမှူးချုပ် Mr. Jacques-Diouf က အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ညီလာခံ သဘာပတိအဖြစ် အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ် Silvio Berlusconi နှင့် ဒုတိယသဘာပတိများအဖြစ် ကွန်ဂို၊ ဂျပန်၊ ဆလိုဗေးနီးယား၊ ဒိုမီနီကန်၊ အမေရိကန်၊ နယူးဇီလန်နှင့် အီဂျစ်နိုင်ငံတို့မှစိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးများအား ရွေးချယ်ကြပြီး ရောမမြို့တော်ဝန် Mr. Gianni Alemnnoက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ကွန်ဂိုနိုင်ငံသမ္မတက ဆောင်ရွက်ပြီး အီဂျစ်၊ ဘရာဇီး၊ ဆလိုဗေးနီးယား၊ အီရီထရီးယား၊ အာဂျင်တီးနား၊ သီရိလင်္ကာ၊ ပြင်သစ်၊ဗန်နေ့ဝ်တူ၊ စပိန်၊ ဂျီဘူလတီ၊ ခရိုအေးရှား၊ အီရန်နှင့် မာဒါဂါစကားတို့မှ သမ္မတ၁၃ ဦးနှင့် ဂျပန်ဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတကာမှ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် စားနပ်ရိက္ခာ ဈေးနှုန်းကြီးမြင့်မှုနှင့် ကမ္ဘာ့ရာသီဥတုဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို ဆွေးနွေးကြပြီး ညီလာခံကို ဆက်လက်ကျင်းပရာ ဇင်ဘာဘွေ၊ အယ်လ်ဗေးနီးယား၊ ဆီနီဂေါ၊ နမီးဘီးယား၊ ကျူးဘား၊ တန်ဇန်းနီးယား၊ တောင်အာဖရိက၊ အင်ဂိုလာ၊ တူနီးရှား၊ ဖီဂျီ၊ ယီမင်၊ အိုင်ဗရီကို့စ်နှင့် ချက်နိုင်ငံတို့မှ သမ္မတ၊ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားခဲ့ကြသည်။

အလားတူ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် World Bank, IMF,WHO, IFAD, WTO, UNCTD, WFP, CGIAR တို့မှ တာဝန်ရှိသူများက မိန့်ခွန်းပြောကြားကြသည်။

အစည်းအဝေးကို ဇွန် ၄ ရက် နံနက်ပိုင်းတွင် ပြန်လည်ကျင်းပပြီး မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာ့စားနပ်ရိက္ခာ ဈေးနှုန်းများမြင့်တက်မှု အခြေအနေ၊ ကမ္ဘာ့အရန်ရိက္ခာလျော့နည်းမှု အခြေအနေများကို ဆွေးနွေးပြီး မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း စားနပ်ရိက္ခာလိုအပ်ချက်များနှင့် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှု အခြေအနေနှင့် ရာသီဥတု ပြောင်းလဲမှု အခြေအနေကို မေ ၂ ရက်နှင့် ၃ ရက်အတွင်း မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် သာဓကထားတင်ပြပြီး ကမ္ဘာ့အဖွဲ့အစည်းများက အကူအညီပေးခဲ့ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကျေးလက်ဒေသ လောင်စာစွမ်းအင်လုံခြုံမှုကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ စားနပ်ရိက္ခာဖူလုံရေးကို ထိခိုက်ခြင်းမရှိဘဲ ခြံစည်းရိုးကြက်ဆူကို တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် IFAD (International Fund For Agricultural Development) ဒုတိယဥက္ကဋ္ဌMr.KanayoNwanze နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေး ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး တိုးတက်ဖွံ့ဖြိုးမှုများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် INGO အဖွဲ့တစ်ခုဖြစ်သော FOCSIVအဖွဲ့ ညွှန်ကြားရေးမှူး Mr. Alberto Zamberletti နှင့် MEDITERRANEO ဟိုတယ်၌ တွေ့ဆုံ ဆွေးနွေးသည်။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇွန် ၅ ရက် မွန်းလွဲပိုင်းတွင် FAO ညွှန်ကြားရေးမှူးချုပ် Mr. Jacques-Diouf နှင့်လည်းကောင်း၊ WFP အမှုဆောင်ညွှန်ကြားရေးမှူး Ms. Josette Sheeran နှင့်လည်းကောင်း တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို ပံ့ပိုးကူညီမှုအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ကူညီပံ့ပိုးမည့်အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လိပ်သိုမြို့နယ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

လိပ်သို ဇွန် ၉

လိပ်သိုမြို့နယ် ၂၀၀၈-၂၀၀၉ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၈ ရက် နံနက် ၁၀နာရီက အထက(လိပ်သို)ကျောင်းခန်းမ၌ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ခင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းလတ်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်မိုးပုလဲစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ခင်စိုးကအမှာစကားပြောကြားပြီး ကျောင်းအပ်နှံရေးအကြောင်း ရှင်းလင်းပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြေအုတ်တို့ပြိုလဲရာ၌ ကျောက်အုတ်တို့ဖြင့် အစားထိုး တည်ဆောက်နိုင်ရမည် (၂)

(ယမန်နေ့မှအဆက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့သည် ဇွန်လ ၃ရက်နေ့ နံနက် ၇ နာရီ မိနစ် ၅၀ တွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ငပုတောမြို့နယ် အုတ်တွင်းကျေးရွာသို့ သွားရောက်ကြပြီး ရှေးဦးစွာ အုတ်တွင်းကျေးရွာ ပတ်ဝန်းကျင်ဒေသများ လေမုန်တိုင်းဒဏ်ခံခဲ့ရမှုနှင့် ဒေသအလိုက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြပါသည်။ ၎င်းနောက် အုတ်တွင်းကျေးရွာသို့ ရောက်ရှိကြပြီး ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိနေကြသည့် အုတ်တွင်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ဘုန်းတော်ပြည့်ကျေးရွာ၊ သဲချောင်းကျေးရွာတို့မှ လေဘေးသင့်ပြည်သူများအား တရင်းတနှီး လိုက်လံနှုတ်ဆက် အားပေးပါသည်။ ၎င်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ် ရှင်းလင်းဆောင်၌ တပ်နယ်မှဗိုလ်မှူးချုပ်မျိုးမြင့်သန်းက ငပုတောမြို့နယ်အတွင်းနှင့် ဟိုင်းကြီး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လပွတ္တာမြို့နယ် (၃)မိုင်ကယ်ဆယ်ရေးစခန်းတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်များက လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ရေလုပ်သားများအတွက် စီစဉ်ဆောင်ရွက်ပေးမည့် ရေလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကျွန်းမြို့၌ လေမုန်တိုင်းတိုက်ခတ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပြီးစီးမှုများ၊ ဒေသတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်ရာများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ကြရမည့် အခြေအနေတွင် မူလ

အနေအထားထက် ပိုမိုတိုးတက်မြင့်မားသွားအောင် တည်ဆောက်ပေးကြရန်၊ စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်တည်ဆောက်ပေးရာတွင်လည်း မူလစိုက်ဧကထက် မလျော့စေဘဲ စိုက်ပျိုးရေးစီမံသွားရန်နှင့် စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် စီစဉ်ပေးရန်၊ ရေလုပ်ငန်းအတွက်လည်း ဒေသတွင် သုံးစွဲလေ့ရှိသည့် ပိုက်အမျိုးအစားနှင့် လှေများ ကူညီဆောင်ရွက်ပေးရန်၊ နေရေး၊စားရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုမြင့်မား လာစေရအောင် ဦးတည်ဆောင်ရွက်ကြရန် စသည်ဖြင့် အသေးစိတ်လမ်းညွှန်မှာကြားခဲ့ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီ တွင် ပြင်စလူမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှေးဦးစွာ ယာယီရွက်ဖျင်တဲများဖြင့် ဌာနဆိုင်ရာ အဆောက်အအုံများဖွင့်လှစ်ထားမှုကို ကြည့်ရှုကြကာ ဌာနဆိုင်ရာဝန်ထမ်းများအား နှုတ်ဆက်အားပေးခဲ့ပါသည်။ ၎င်းနောက် ယာယီတဲများဖြင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ငပုတောမြို့နယ် အုတ်တွင်းကျေးရွာ၌ အုတ်တွင်းကျေးရွာ၊ ဘုန်းတော်ပြည့်ကျေးရွာ၊ သဲချောင်းကျေးရွာတို့မှ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအား နေရာစီစဉ်ချထားပေးမှုများကို ကြည့်ရှုပြီး လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်း အားပေးစကား ပြောကြားခဲ့ပါသည်။ လေဘေးသင့်ပြည်သူများသည် မိမိတို့၏ မိသားစုဝင်များပင်ဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ရေး လိုအပ်ချက်များ၊ လူနေမှုဘဝမြှင့်တင်ပေးရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်က စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒုတိယဗိုလ်ချုပ်မှူးကြီး၏ ပြောကြားချက်များသည် ကြုံတွေ့ခဲ့ရသည့် သောက၊ ဒုက္ခများကြောင့် စိုးထိတ်ပူပန် နွမ်းလျနေသည့် ဒေသခံတို့၏ရင်ကို အေးမြကြည်လင် လန်းဆန်းလျက် အားသစ် မာန်သစ်များကို မွေးဖွားပေးစေနိုင်ခဲ့ပါသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည် ပြင်စလူမြို့မှ လပွတ္တာမြို့နယ် သုံးမိုင်ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး လေဘေးသင့်ပြည်သူများနှင့် ဂျပန်ဆေးအကာအကွယ်ပေးရေးအဖွဲ့တို့အား လိုက်လံနှုတ်ဆက် အားပေးခဲ့ပါသည်။ ၎င်းနောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်များက လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ရေလုပ်သားများအတွက် စီစဉ်ဆောင်ရွက်ပေးသည့် ရေလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လပွတ္တာမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ရောက်ရှိခဲ့ပါသည်။ လပွတ္တာမြို့၌ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း အခြေအနေများ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးက မုန်တိုင်းသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးအတွက် ဆောင်ရွက်စီမံသွားမည့် လုပ်ငန်းများကို ရှင်းလင်းမှာကြားပါသည်။ ၎င်းနောက် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအမိုးများ ပြန်လည်မိုးပြီးမှု အပါအဝင် ဆေးရုံအဆောက်များ ပြင်ဆင်ပြီးစီးမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းနှီးနွေးထွေးစွာ

တွေ့ဆုံ အားပေးစကားပြောကြားခဲ့
ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ
ပြန်လည် ရောက်ရှိပါသည်။

ညနေ ၃ နာရီခွဲတွင် ပုသိမ်
များနည်းတူ ငပုတောမြို့နယ်နှင့်
ပြန်လည်တည်ဆောက်ရေးလုပ်ငန်
အဝေးကျင်းပပြီး ဒုတိယဗိုလ်ချုပ်
လမ်းညွှန်မှာကြားခဲ့ပါသည်။ ဒုတိ
ဘေးသင့် ဒေသများအတွက် ပြန်
စိုက်ပျိုးရေးကဏ္ဍ၌ နိုင်ငံတော်
သည့် စက်မှုလယ်ယာ ကူးပြေ
တစ်ရပ်အဖြစ်ခံယူပြီး အကောင်
ဝိုင်းဝန်းပံ့ပိုးပေးဖို့လိုကြောင်း၊
ဧကကို အပြည့်အဝ စိုက်ပျိုးသွ
မွန်သောဒေသများ၌ အထွက်တို
ကြောင်း၊ နိုင်ငံတော်အကြီးအက
က မြန်မာလူမျိုးတို့ အားထား
ဖြစ်သည့် ဆန်၊ ဆီနှင့် ဆားကို
အောင်နှင့် အချို့သောဒေသများ
စားကုန် ထုတ်လုပ်ရာဒေသများ
ကြရန် လမ်းညွှန်မှာကြားချက်နှင့်
ပြီး အဘက်ဘက်က စီမံဆော
ဒေသတစ်ခု၌ အရေးကြုံသော်
သည့် အခြေအနေမှာ ရပ်တ
စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍
တွင် နွေစပါးနှင့် မိုးစပါး စုစုပေ
သန်း စိုက်ပျိုးခဲ့ပြီး ဧရာဝတီ
မိုးစပါး စုစုပေါင်း ၄ ဒသမ ၉
ယခု မုန်တိုင်းဒဏ်ကြောင့် ထိ
၀ ဒသမ ၁၈ သန်းသာ ရှိသဖြင့်
၀ ဒသမ ၀၀၉ ရာခိုင်နှုန်း၊ ဧရာဝတီ
ရာခိုင်နှုန်းသာရှိကြောင်း၊ သို့သေ
စိုက်ပျိုးချိန်အမီ ပြန်လည်စိုက်
သည်များကို နိုင်ငံတော်က ဖြည့်
ကလည်း ကြိုးစားဆောင်ရွက်ကြ

နိုင်ငံတော်အကြ
တို့ အားထားသော
ကို ဒေသအလိုက်
နိုင်ငံတော်၏ အ
စီမံဆောင်ရွက်ကြ
မြော်တွေးပြီး အ
ဒေသတစ်ခု၌ အ
အနေမှာ ရပ်တည်

...င်ရမည် (၂)

ကျော်ရဲမင်း

တွေ့ဆုံ အားပေးစကားပြောကြားခဲ့ပါသည်။ ယင်းနောက် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ပုသိမ်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည် ရောက်ရှိပါသည်။

ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ မြရောခန်းမ၌ ယခင်နေ့များနည်းတူ ငပုတောမြို့နယ်နှင့် လပွတ္တာမြို့နယ် ဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေးကျင်းပပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးက လိုအပ်ချက်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီးက **"လေဘေးသင့် ဒေသများအတွက် ပြန်လည်တည်ဆောက်ရာတွင် စိုက်ပျိုးရေးကဏ္ဍ၌ နိုင်ငံတော်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် စက်မှုလယ်ယာ ကူးပြောင်းရေးကို အခွင့်အလမ်းတစ်ရပ်အဖြစ်ခံယူပြီး အကောင်အထည်ပေါ်လာစေရအောင် ဝိုင်းဝန်းပံ့ပိုးပေးဖို့လိုကြောင်း၊ ဒေသတွင်း မူလရှိပြီး စိုက်ဧကကို အပြည့်အဝ စိုက်ပျိုးသွားရန်အပြင် ရေမြေကောင်းမွန်သောဒေသများ၌ အထွက်တိုးရေး စီမံဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာလူမျိုးတို့ အားထားသော အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ဆားကို ဒေသအလိုက် ပြည့်စုံဖူလုံအောင်နှင့် အချို့သောဒေသများကို နိုင်ငံတော်၏ အခြေခံစားကုန် ထုတ်လုပ်ရာဒေသများဖြစ်အောင် စီမံဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားချက်နှင့်အညီ ရေရှည်ကိုမြော်တွေးပြီး အဘက်ဘက်က စီမံဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ ဒေသတစ်ခု၌ အရေးကြုံသော်လည်း စိုးရိမ်ပူပန်ဖွယ်မရှိသည့် အခြေအနေမှာ ရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ ယမန်နှစ်က တစ်နိုင်ငံလုံးတွင် နွေစပါးနှင့် မိုးစပါး စုစုပေါင်း စိုက်ဧက ၁၉ ဒသမ၉၉ သန်း စိုက်ပျိုးခဲ့ပြီး ဧရာဝတီတိုင်းအနေဖြင့် နွေစပါးနှင့် မိုးစပါး စုစုပေါင်း ၄ ဒသမ ၉၅ သန်း စိုက်ပျိုးခဲ့ကြောင်း၊ ယခု မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဧကပေါင်းမှာ ၀ ဒသမ ၁၈ သန်းသာ ရှိသဖြင့် တစ်နိုင်ငံလုံးစိုက်ဧက၏ ၀ ဒသမ ၀၀၉ ရာခိုင်နှုန်း၊ ဧရာဝတီတိုင်း စိုက်ဧက၏ ၀ ဒသမ ၃၆ ရာခိုင်နှုန်းသာရှိကြောင်း၊ သို့သော် ဧရာဝတီတိုင်းအနေဖြင့် စိုက်ပျိုးချိန်အမီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်က ဖြည့်ဆည်းပေးပြီး ဒေသခံများကလည်း ကြိုးစားဆောင်ရွက်ကြမည်ဆိုလျှင် ဧရာဝတီတိုင်းသည် မူလစိုက်ဧကနီးပါး ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ သို့ဖြစ်၍ လက်ရှိအခြေအနေသည် စားရေးအတွက် စိုးရိမ်ပူပန်ရန် မလိုတော့ဘဲ လေဘေးသင့်ဒေသများ၏ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လယ်ထွန်စက်၊ ဓာတ်မြေဩဇာ၊ စက်သုံးဆီ၊ ပဲ့ထောင်လှေ၊ ငါးဖမ်းပိုက် စသည့် လုပ်ငန်းခွင်သုံးပစ္စည်းများ ကူညီပေးနိုင်စေရေးကိုသာ အလေးထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း"** ရှင်းလင်းမှာကြားခဲ့ပါသည်။ သားသမီးတို့၏ နောင်ရေးအတွက် စိတ်အေးရအောင် ကြိုတင်မြော်တွေးကြံဆ ကြိုးပမ်းလုပ်ဆောင်ခဲ့သည့် မိဘကောင်းတို့၏ စေတနာမှန်၊ လုပ်ရပ်မှန်တို့ကြောင့် သားသမီးတို့၏ဘဝသည် အစဉ်အေးချမ်းပြည့်စုံလှပနေမည်သာ ဖြစ်ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့သည် ဇွန်လ ၄ ရက်နေ့ နံနက် ၉ နာရီတွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး ဆက်လက်၍ မော်တော်ယာဉ်များဖြင့် ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိခဲ့ကြပါသည်။ ကွမ်းခြံကုန်းမြို့ လေဘေးကယ်ဆယ်ရေးစခန်း ကွပ်ကဲမှုရုံး၌ ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီက ကွမ်းခြံကုန်းမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။ ၎င်းနောက် ကွမ်းခြံကုန်းမြို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြပြီးနောက် ဆက်လက်ထွက်ခွာရာ ဧရာဝတီတိုင်း ဒေးဒရဲမြို့သို့ ရောက်ရှိခဲ့ပါသည်။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များကို ဖြည့်ဆည်းလမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည် ဒေးဒရဲမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများ၊ ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများအား ကြည့်ရှုနှုတ်ဆက် အားပေးခဲ့ပါသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့သည် ဒေးဒရဲမြို့မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၂ နာရီခွဲတွင် ပြန်လည် ရောက်ရှိခဲ့ကြပါသည်။

ညနေ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ ယခင်နေ့များနည်းတူ ကွမ်းခြံကုန်းမြို့နယ်နှင့် ဒေးဒရဲမြို့နယ် ဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစည်းအဝေး ကျင်းပရာ ဒုတိယဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များကို အကျယ်တဝင့် လမ်းညွှန်မှာကြားခဲ့ပါသည်။

"မြို့နှင့် ကျေးရွာများ ပြန်လည်တည်ဆောက် အဆင့်မြှင့်တင်ပေးရာတွင် ပိုမိုစနစ်ကျနအောင်၊ ဆေးရုံများ ပိုမိုခေတ်မီပြီး ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး မြှင့်တင်ပေးနိုင်အောင်၊ ရုံးများ၊ ကျောင်းများ ပိုမိုခိုင်ခံ့အောင် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စုပေါင်းရုံးများ၊ စာသင်ကျောင်းများနှင့် အခြားအစိုးရအဆောက်အအုံများ တည်ဆောက်ရာတွင် အောက်ခြေမြင့်မြင့်မားမားနှင့် ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ပေးခြင်း၊ ပင်လယ်ပိုင်းဒေသများသို့ ဆက်သွယ်သည့်လမ်းများ ဖောက်လုပ်ခြင်း၊ ၎င်းလမ်းများကို ၂၅ ပေ၊ ပေ၃၀ မြင့်အောင် တည်ဆောက်ပေးခြင်းအားဖြင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို နောင်သဘာဝ ဘေးအန္တရာယ်ကြုံတွေ့လာပါက ကာကွယ်ရေး ရည်မှန်းချက်များထားရှိ တည်ဆောက်သွားရန်ဖြစ်ကြောင်း၊ မြေအုတ်တို့ ပြိုရာတွင် ကျောက်အုတ်တို့ဖြင့် ပြန်လည်တည်ဆောက်မည် ဟူသောခံယူချက်နှင့်အညီ လေဘေးသင့်ဒေသများကို သာမန်တည်ဆောက်ရေးသာမဟုတ်ဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများအတွက် လူမှုစီးပွားဘဝ မြှင့်တင်ပေးရေးတို့ကိုပါ ဦးတည်လျက် ဝိုင်းဝန်းတည်ဆောက်ကြရန်နှင့် တိုင်းပြည်၏ အနာဂတ်ကို ပြုပြင်ပြောင်းလဲ နေခြင်းဖြစ်သည်ဟု ခံယူပြီး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုကြောင်း" စသည့် ဒုတိယဗိုလ်ချုပ်မှူးကြီး၏ မှာကြားချက်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်စလူမြို့၌ လေဘေးသင့်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာလူမျိုးတို့ အားထားသော အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ဆားကို ဒေသအလိုက် ပြည့်စုံဖူလုံအောင်နှင့် အချို့သောဒေသများကို နိုင်ငံတော်၏ အခြေခံစားကုန်ထုတ်လုပ်ရာ ဒေသများဖြစ်အောင် စီမံဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားချက်နှင့်အညီ ရေရှည်ကို မြော်တွေးပြီး အဘက်ဘက်က စီမံဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ ဒေသတစ်ခု၌ အရေးကြုံသော်လည်း စိုးရိမ်ပူပန်ဖွယ်မရှိသည့် အခြေအနေမှာ ရပ်တည်နေနိုင်ခြင်းဖြစ်။

❁ **စာမျက်နှာ ၉ ဆောင်းပါးမှအဆက်**

များသည် လက်တွေ့နယ်ပယ်၌ ထိရောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည့်စုံတိကျသော လုပ်ငန်းလမ်းညွှန်များပင် ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲတစ်ဦး ကိုယ်တိုင်သွားရောက်ကြည့်ရှု စစ်ဆေးအားပေးရင်း အလေးထားပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးမှုများသည် ဒေသနှင့် ပြည်သူ၏ အနာဂတ်ကံကြမ္မာကို ရေးဆွဲပုံဖော်ပေးနေခြင်းပင်ဖြစ်ရာ အဆိုပါ ဒေသများနှင့် ဒေသခံပြည်သူများ၏ အနာဂတ်ဘဝသည် မြင့်မားပြည့်စုံ ကုံလုံကြွယ်ဝ လှပသာယာရှိလာကြမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီးအနေဖြင့် ခရီးစဉ်အတွင်း လေဘေးဒဏ်ခံဒေသများ၏ ဖွံ့ဖြိုးရေးအပြင် လူမှုစီးပွားဘဝ မြှင့်တင်ရေးဦးတည်လျက် **“မြေအုတ်တို့ပြိုလဲရာ၌ ကျောက်အုတ်တို့ဖြင့် အစားထိုးတည်ဆောက်နိုင်ရမည်”** ဟူသည့် ရည်မှန်းချက်ဖြင့် အသေးစိတ်တွန်းအားပေး လမ်းညွှန်ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်ချက်များနှင့်အညီ လေဘေးသင့်ပြည်သူများအတွက် ယာယီတဲအိမ်များ ဆောက်လုပ်ရန် တိုင်းရင်းသားလုပ်ငန်းရှင်များအား တာဝန်ပေးအပ်ပြီး နိုင်ငံတော်က လိုအပ်သည့် သစ်၊ သွပ်၊ သံ စသည်များ ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းရှင်များအား သုံးရာခိုင်နှုန်း အခွန်အခ ပေးစေပြီး ခုနစ်ရာခိုင်နှုန်း အကျိုးအမြတ် ခံစားခွင့်ပေးသွားမည် ဖြစ်ပါသည်။

ပုဂ္ဂလိကပိုင် အဆောက်အအုံများအတွက် လိုအပ်သော သွပ်အမိုးပြားများကို အခွန်ကင်းလွတ်ခွင့် ခြောက်လပေးပြီး ပြည်ပမှ တင်သွင်းခွင့်ပြုမည်ဖြစ်သည့်အပြင် လေဘေးသင့်ပြည်သူများကို အမြတ်များများမယူစေဘဲ ၁၀ ရာခိုင်နှုန်းခန့် အမြတ်ဖြင့်သာ ရောင်းချစေမည်ဖြစ်ပါသည်။ ကျောင်း၊ ဆေးရုံ၊ အစိုးရအဆောက်အအုံနှင့် သာသနိကအဆောက်အအုံများ၏ အမိုးပျက်စီးနေမှုများကို တစ်လအတွင်းအပြီး ပြန်လည်ပြုပြင်သွားရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နောက်ခြောက်လအတွင်း သာလွန်ကောင်းမွန်သောအဆင့်သို့ရောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ရာ မကြာမီမူလအခြေအနေထက် တိုးတက်ဖွံ့ဖြိုးမှုများ မျက်ဝါးထင်ထင် တွေ့မြင်ပိုင်ဆိုင်လာမည်ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်၍ လေဘေးမသင့်မီက စိုက်ဧကအတိုင်း ပြန်လည်စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ဒေသနှင့်ကိုက်ညီပြီး သုံးစွဲသူ နှစ်သက်သည့် ထွန်စက်အမျိုးအစားများ ပံ့ပိုးနိုင်ရေး၊ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးရေး၊ မျိုးစပါးနှင့် ဓာတ်မြေဩဇာများကို စာရင်းမှတ်စနစ်ဖြင့် ကြိုတင်ထုတ်ပေးရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လိုအပ်သည့် စက်သုံးဆီများကို စွမ်းအင်ဝန်ကြီးဌာနမှ လုံလောက်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရေရှည်တွင် ဇီဝလောင်စာဆီဖြင့် အသုံးပြုနိုင်အောင် စီမံဖော်ဆောင်သွားမည် ဖြစ်ပါသည်။ ထို့ပြင် ပိုင်ရှင်မဲ့ဖြစ်သွားသော လယ်မြေများတွင် လုပ်ကိုင်လိုသူများကို လယ်ပိုင်ရှင် ပြန်လည်ပေါ်မလာမီ သီးစားချထားပေးသည့်ပုံစံဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ရေလုပ်ငန်းသမားများအတွက် ဒေသသုံးနှင့် ကိုက်ညီသော ငါးဖမ်းပိုက်များကို နိုင်ငံတော်၏ ငွေကြေးပံ့ပိုးမှုဖြင့် ပြည်ပမှ အခွန်လွတ် မှာယူတင်သွင်းသွားမည်ဖြစ်ပြီး စက်လှေများ၊ ငါးဖမ်းလှေငယ်များနှင့် ရေလုပ်ငန်းသုံးပစ္စည်းများကို စာရင်းမှတ်စနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းလုပ်ကိုင်နိုင်ရန် နိုင်ငံတော်က ကူညီပံ့ပိုးထားသူများအနေဖြင့် ပုံမှန်ဝင်ငွေ ပြန်လည်ရရှိသည့်အခါ နိုင်ငံတော်သို့ ၁၀ ရာခိုင်နှုန်း ပေးသွင်းစေရမည်ဖြစ်ပြီး အဆိုပါ ပေးသွင်းငွေမှာ နိုင်ငံတော်က ငွေပြန်ယူခြင်းမဟုတ်ဘဲ သင့်လျော်သည့်အချိန်၌ ပြန်ပေးနိုင်ရေးအတွက် စုစည်းထားသည့် သဘောသာဖြစ်ကြောင်းလည်း သိရှိရပါသည်။ လေဘေးသင့် ပြည်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပုံမှန်မလည်ပတ်နိုင်မီကာလအတွင်း အခြေခံစားနပ်ရိက္ခာများကို အချိန်အတိုင်းအတာတစ်ရပ်အထိ ထောက်ပံ့ထုတ်ပေးသွားမည်ဖြစ်ရာ နိုင်ငံတော်အပိုင်းက ပြည်သူတို့အပေါ် မည်မျှအထိ စေတနာထား ပံ့ပိုးစီမံထားရှိသည်ကို တွေ့ရှိနိုင်ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဖျာပုံခရိုင်ခုတင် ၂၀၀ ဆံ့ ဆေးရုံတည်ဆောက်ရာ၌ နေပြည်တော်ရှိ ဆေးရုံပုံစံအတိုင်း Plinth Level မြှင့်တင်ပြီး Operation Theatre အနည်းဆုံး ခြောက်ခု ပါဝင်သော တစ်ထပ်အဆောက်အအုံများအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ အခြေခံပညာကျောင်းများ ပြုပြင်ဆောက်လုပ်ရာ၌လည်း ကျောင်းသုံးပရိဘောဂများပါဝင်အောင် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျောင်းပြန်ဖွင့်မည့်ရက်ကို တစ်လဆိုင်းငံ့ခွင့်ပြုသော်လည်း တတ်နိုင်သမျှ လျင်မြန်စွာ ပြန်ဖွင့်နိုင်ရေးဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ပါသည်။ ပျက်စီးသွားသော စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများ အသစ်မတည်ဆောက်နိုင်မီကာလအတွင်း ယာယီရွက်ဖျင်တဲများ၊ ယာယီအဆောက်အအုံများဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရှိနိုင်ပါသည်။

ဒေသတစ်ခုချင်းနှင့် ပတ်သက်၍ စက်ဆန်းမြို့ကို မြို့ကွက်ရိုက်၍ အသစ်ပြန်လည် တည်ဆောက်သွားမည် ဖြစ်ပါသည်။ ၎င်းအပြင် လပွတ္တာမြို့ကို ရွှေ့ပြောင်းတည်ဆောက်မည်ဖြစ်ရာ ကျောင်း၊ ရုံး၊ ဆေးရုံ အားလုံးကို မြို့သစ်၌ တည်ဆောက်ပေးသွားမည်ဖြစ်ပြီး မိဘမဲ့ကလေးများအတွက် သင်တန်းကျောင်း တစ်ခုကိုလည်း မြို့သစ်၌ပင် အထက်တန်းကျောင်းအနီး၌ တည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။ မူလနေရာတွင်ပင် နေလိုသူများကို ၎င်းတို့၏ ဆန္ဒနှင့်အညီ ဆက်လက်နေထိုင်ခွင့်ပြုမည်ဖြစ်ပြီး နိုင်ငံတော်က ပံ့ပိုးနေရာချ တည်ဆောက်ပေးရမည့်သူများနှင့် ဆန္ဒအလျောက် ကိုယ်ပိုင်စရိတ်ဖြင့် ပြောင်းရွှေ့လာလိုသူများကိုလည်း နေရာသီးခြားသတ်မှတ် ချထားပေးသွားမည်ဖြစ်ပါသည်။ လှိုင်းဘုန်း၊ ပြင်စလူ၊ စက်ဆန်းစသည့် ဒေသများ၌ ကျောင်း၊ ဆေးခန်း၊ ရုံးစသည့် အဆောက်အအုံများကို နောင်အခါ၌ ရေဘေးခိုလှုံနိုင်ရန် ရည်မှန်းပြီး ပေ ၄၀ ခန့်အမြင့် ကုန်းကြောတစ်ခုစီ ဖန်တီး၍ အခိုင်အမာ အဆောက်အအုံများ တည်ဆောက်ပေးသွားမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအတွင်း လေဘေးသင့်ဒေသများနှင့် ပတ်သက်၍လည်း အမှန်တကယ်နေထိုင်ရန် အခက်အခဲရှိနေသူများအတွက် ၎င်းတို့ ယခင်နေထိုင်ခဲ့သည့်နေရာတွင် သင့်တင့်လျောက်ပတ်သည့် နေစရာရရှိအောင် ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ကယ်ဆယ်ရေးစခန်းများမှ မူလနေထိုင်ရာသို့ ပြန်လည်ပြောင်းရွှေ့ရာ၌ စားသုံးရန် ဆန်ကို ကာလတစ်ခုအထိ စနစ်တကျ ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။ ရန်ကုန်မြို့တော်အတွင်း လမ်းမ လမ်းသွယ်တစ်လျှောက် လဲပြိုသစ်ပင်များကို တစ်လအတွင်း အပြီးရှင်းလင်းဖယ်ရှားသွားမည်ဖြစ်သကဲ့သို့ စာသင်ကျောင်း၊ ဆေးရုံများ အပါအဝင် အစိုးရရုံးဌာနများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၊ သာသနာပိုင်ပရိဝုဏ်မြေနေရာများမှ သစ်ပင်များကို ဦးစားပေးအစီအစဉ် သတ်မှတ်၍ ရှင်းလင်းပေးသွားမည် ဖြစ်ပါသည်။ ပြိုလဲသစ်ပင်များ ရှင်းလင်းရာ၌ သင့်လျော်သည်များကို ဆောက်လုပ်ရေးသစ်အဖြစ် အသုံးပြုနိုင်ရေး၊ အမြစ်နှင့်အမြစ်ဆုံများကို ပန်းပုရုပ်အဖြစ် ထုလုပ်ရာ၌ သင့်တော်သလို အသုံးပြုနိုင်ရန် ဆောင်ရွက်သွားစေမည်ဖြစ်သည့်အပြင် သစ်တောခွန် ကင်းလွတ်ခွင့်ကိုပါ ခွင့်ပြု ပေးထားပါသည်။

မုန်တိုင်းအတွင်း သစ်ပင်ကြီးများ အများအပြား လဲပြိုခဲ့ရာ၌ လမ်းများပိတ်ဆို့ခြင်း၊ လျှပ်စစ်မီးကြိုး၊ တယ်လီဖုန်းကြိုးလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများ သစ်ပင်ပိပြီး ပြိုလဲခြင်း၊ ပျက်စီးခြင်းများ ကြုံတွေ့ခဲ့ရပါသည်။ ၎င်းဖြစ်စဉ်ကို သင်ခန်းစာယူ၍ အပင်ကြီးမျိုးများအစား အရိပ်လည်းရ၊ လေဒဏ် မိုးဒဏ်လည်း ခံနိုင်၊ သာယာလှပမှုကိုလည်း ဖြစ်စေပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူ၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုပါ အထောက်အကူဖြစ်စေသည့် ခရေ၊ စိန်ပန်း၊ မဟော်ဂနီ၊ ပျဉ်းမ၊ တမာ၊ မန်ကျည်း၊ ရေတမာ စသည့် အပင်များကို ယခုနှစ်သစ်ပင်စိုက်ရာသီအတွင်း အရှိန်အဟုန်ဖြင့် အစားထိုး တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးအနေဖြင့် အဆိုပါ ခရီးစဉ်အတွင်း နေ့စဉ် မနက်စောစောမှစ၍ တစ်နေ့လျှင် နှစ်မြို့နယ်နှုန်းဖြင့် အခြေအနေ ဆိုးဝါးပြင်းထန်ပြီး အမှန်တကယ် အခက်အခဲရင်ဆိုင်နေရသည့် အစွန်အဖျား ဒေသများအထိ မရောက်ရောက်အောင် သွားရောက်တွေ့ဆုံအားပေးခဲ့ပြီး ခရီးစဉ်မှ ပြန်လည်ရောက်ရှိသည်နှင့် မွန်းလွဲ၊ ညနေပိုင်းတို့တွင် အစည်းအဝေးများကျင်းပလျက် နံနက်ပိုင်းက သွားရောက်ခဲ့သည့် မြို့နယ် နှစ်မြို့နယ်၏ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် သုံးသပ်လမ်းညွှန်ဆွေးနွေးမှာကြားမှုများ မပျက်မကွက် ဆောင်ရွက်ပေးခဲ့ပါသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီး၏ နေ့လယ်စာ ထမင်းသုံးဆောင်ချိန်သည် မွန်းလွဲ ၂ နာရီ၊ ၂ နာရီခွဲဝန်းကျင်သာဖြစ်ရာ နိုင်ငံနှင့်ပြည်သူအတွက် မည်မျှအထိ ဝါယမစိုက်၍ ကြိုးပမ်းအားထုတ်လှုပ်ရှားနေသည်ကို သိမြင်နားလည် နိုင်ပါသည်။ တစ်နေ့လုံးမြို့ရွာကျေးလက် ဒေသအသီးသီးသို့ အပင်ပန်းအဆင်းရဲခံ၍ လှည့်လည်သွားရောက်ခဲ့ပြီး ညပိုင်းအထိ လိုအပ်ချက်များကို သုံးသပ်ဆွေးနွေး လမ်းညွှန်မှုပေးနေသည့် နိုင်ငံတော်အကြီးအကဲတစ်ဦး၏ ပြည်သူတို့အပေါ်ထားရှိသော မေတ္တာ စေတနာ သံယောဇဉ်တရားများက အဆိုပါဒေသနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝကို မြင့်သည်ထက်မြင့်အောင် မြှင့်တင်ပေးနိုင်တော့မည် ဖြစ်ပါသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီး၏ ရင်တွင်း၌ရှိနေသည့် ဒေသနှင့် ပြည်သူအပေါ်ထားရှိသော စေတနာ မေတ္တာအလှတရားများကို ပီပြင်ထင်ရှားစွာ ဖော်ကျူးပြသနိုင်ခဲ့သည့် ခရီးစဉ်အဖြစ် အစဉ် မှတ်တမ်းတင်ကျန်ရစ်ခဲ့မည်သာ ဖြစ်ပါသည်။

ချုပ်၍ဆိုရပါလျှင် ဒုတိယဗိုလ်ချုပ်မှူးကြီး၏ အဆိုပါခရီးစဉ်သည် အကျိုးကျေးဇူး ကြီးမားများပြားပြီး အောင်မြင်သည့် ပြည်သူ့အကျိုးပြုခရီးစဉ်တစ်ရပ်ပင် ဖြစ်ပါ၏။ **ဒုတိယဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုစီးပွားဘဝ မြှင့်တင်ရေးလုပ်ငန်းများအပြင် နောင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး၊ အစီအမံများကို စနစ်တကျအကောင်အထည်ဖော် ကြိုးပမ်းမြှင့်တင်သွားကြမည်ဆိုပါက ယခုလေဘေးသင့်ဒေသနှင့် ပြည်သူများ၏ဘဝသည် မကြာမီကာလတိုအတွင်း နတ်ရေကန်အတွင်း ချလိုက်သည့်အလားပြောင်းလဲတိုးတက် ဖွံ့ဖြိုးစည်ပင်လာမည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းညီညွတ်သော အင်အားများဖြင့် ကိုယ့်မြေကိုယ်ရေ၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ပြည်သူတို့၏ အကျိုးကို တက်ညီလက်ညီ အားကြိုးမာန်တက် သယ်ပိုးထမ်းရွက်သွားကြမည်ဆိုပါက မြေအုတ်တို့ ပြိုလဲရာ၌ ကျောက်အုတ်တို့ဖြင့် အခိုင်အမာ အစားထိုး တည်ဆောက်သွားနိုင်မည်သာ ဖြစ်ပါကြောင်း** တင်ပြလိုက်ရပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၇း၅၅ ၅။ တေးဂီတအစီအစဉ်
၈း၀၅ ၆။ နားဝင်ပီယံသူ့လက်သံ
၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ **ဒီအိုတီအက်စ် (ဖိုးဖြူကျော်ထူး၊ ခိုင်သင်းကြည်၊ကြူကြူသင်း) (ဒါရိုက်တာ-သိန်းဟန်)**
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅။ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၃၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၄း၅၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀ ၅။ **“တန်ဖိုး” (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ-သက်တင်)**
၅း၁၀ ၆။ ကြေးမုံရိပ်သွင် တေးနုယဉ်
၅း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလဝသအခြေအနေ
၆း၃၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၃၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မာယာများနှင့်လှည့်ကွက်” (အပိုင်း-၂)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့” (အပိုင်း-၂)**
၁၇။ အစီအစဉ်ပြီး၏။

ပြန်ကြားရေးဝန်ကြီးဌာနကဦးဆောင်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးကြပ်သော ပြင်ပပုဂ္ဂလိက မီဒီယာလုပ်ငန်းရှင်များက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်၌ အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၉

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်နှင့် တွံတေးမြို့နယ်တို့အတွင်း လေဘေးသင့်ပြည်သူများအား ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးကြပ်သော ပြင်ပပုဂ္ဂလိက မီဒီယာလုပ်ငန်းရှင်များက ယမန်နေ့ ညနေပိုင်းတွင် ကျေးရွာအရောက် အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်လှူဒါန်းသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးကြပ်သော ပြင်ပပုဂ္ဂလိက မီဒီယာလုပ်ငန်းရှင်များ၊ စာရေးဆရာ ဆရာဝန်များနှင့် အနုပညာရှင်များက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ) နှင့် ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ ပြင်ပမီဒီယာလုပ်ငန်းများမှ စာတည်းမှူးချုပ်နှင့်အဖွဲ့ဝင်များ၊ စာရေးဆရာ ဆရာဝန်များနှင့်ရုပ်ရှင်၊ဂီတနှင့်စာပေ အနုပညာရှင်များပါဝင်သော အဖွဲ့သည် ညနေ ၃နာရီတွင် ကော့မှူးမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာ ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက ကော့မှူးမြို့နယ်၏ လေဘေးကျရောက်ခဲ့မှု၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့မှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးတင်ခနှင့်အတွင်းရေးမှူးဒေါက်တာတင်ထွန်းဦးတို့က ကော့မှူးမြို့နယ်အတွင်း လေဘေးသင့်ကျေးလက်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်းခြင်းအကြောင်းများကိုရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ပြင်ပပုဂ္ဂလိက မီဒီယာလုပ်ငန်းပိုင်ရှင်များက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ အလှူငွေကျပ်ငါးသိန်းနှင့်စာအုပ်၊ စာရေးကိရိယာပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

လက်ဝယ်ရောက် ဝေငှ

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးကြပ်ပါဝင်သော အဖွဲ့ဝင်များသည် ကော့မှူးမြို့နယ်အတွင်းရှိနတ်စင်ကုန်းစံပြကျေးရွာနှင့် ပိန္နဲကုန်းကျေးရွာ၊ တွံတေးမြို့နယ်အတွင်းရှိ ဘုရားကြီးကျေးရွာနှင့် ကျိုက်သလဲကျေးရွာတို့ရှိ အခြေခံပညာကျောင်းများသို့သွားရောက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် ဦးကျော်ဝင်း(မနုဿကျော်ဝင်း)တို့က ကျောင်းသားကျောင်းသူများနှင့် ကျေးလက်ပြည်သူများအား နွေးထွေးပျူငှာစွာ အားပေးစကား ပြောကြားကြပြီး ကျောင်းသား ကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများ ဝေငှလှူဒါန်းခြင်း၊ စာရေးဆရာ ဆရာဝန်များက အခမဲ့ ဆေးကုသခြင်းနှင့် ဆေးဝါးများလှူဒါန်းခြင်း၊ ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များဖြစ်ကြသည့် ပပဝင်းခင်၊ ရတနာခင်၊နန်းဆုရတီစိုး၊ ရတနာမိုင်နှင့် ဆုကဗျာတို့က ကျေးလက်ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား စားသောက်ဖွယ်ရာများလှူဒါန်း၍ နွေးထွေးပျူငှာစွာအားပေးစကားပြောကြားခြင်း၊ အဖွဲ့မှလှူဒါန်းသော စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်နှင့် အိမ်သုံးကုန်ပစ္စည်းများ၊ စာအုပ်နှင့် စာရေးကိရိယာစသည့် ထောက်ပံ့ရေးပစ္စည်းများကို လေဘေးသင့် ကျေးလက်ပြည်သူများ လက်ဝယ်ရောက် ဝေငှလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနကဦးဆောင်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးကြပ်သော ပြင်ပပုဂ္ဂလိက မီဒီယာ လုပ်ငန်းရှင်များအဖွဲ့သည် ကော့မှူးမြို့နယ်နှင့် တွံတေးမြို့နယ်တို့အတွင်းရှိ လေဘေးသင့်ကျေးရွာလေးရွာအတွက် ငွေကျပ်၈၅သိန်းတန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများနှင့် ဆေးဝါးများ၊ ကော့မှူးမြို့နယ် လေဘေးသင့် ဒေသများအတွက် ငွေကျပ်ငါးသိန်းတို့ကို လှူဒါန်းသည့်အပြင် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ဒေသများအတွက် ငွေကျပ်သိန်း ၅၀ကိုလည်း ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းမှုအစုစုတန်ဖိုးမှာ ငွေသားနှင့် ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၁၄၀ ဖြစ်ကြောင်းသိရှိရသည်။ ပြန်ကြားရေးဝန်ကြီးဌာနကဦးဆောင်၍မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးကြပ်သော ပြင်ပပုဂ္ဂလိက မီဒီယာလုပ်ငန်းရှင်များ၏ လေဘေးသင့် ဒေသများအတွက် လှူဒါန်းမှုများမှာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၇၅၀၀၀၀ နှင့် ငွေကျပ် ၄၅၀၀၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ ကျော်ညွန့်ရည်စာပေတိုက်က ငွေကျပ် ၁၂၀၀၀၀၀၊ စွယ်စုံမီဒီယာ လုပ်ငန်းစုက ငွေကျပ် ၁၂၀၀၀၀၀တန်ဖိုးရှိ ဆေးဝါးနှင့် ပစ္စည်းမျိုးစုံ၊ မြန်မာတိုင်းမ်ဂျာနယ်က ငွေကျပ် ၁၀၀၀၀၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ ရန်ကုန်မီဒီယာလုပ်ငန်းစုက ငွေကျပ် ၈၅၀၀၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ လျှပ်တစ်ပြက်ဂျာနယ်က ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ Weekly Eleven ဂျာနယ်က ငွေကျပ်၅၀၀၀၀၀၊ ပေါ်ပြူလာ၊ ရတီ၊ အိမ်ဂျယ်ကငွေကျပ် ၅၀၀၀၀၀တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ ကြောင်နှစ်ကောင်စာပေကငွေကျပ်၅၀၀၀၀၀၊ လက္ခဏာဆရာကြီး ဒေါက်တာစံတင်အောင်(ရွှေဘို)က ငွေကျပ် ၁၀၀၀၀၀ နှင့် ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ လူ့အသုံးအဆောင်ပစ္စည်းများ၊ 90:00 minutesဂျာနယ်၊ Health Digest Journal၊ 7day New Journal တို့က ငွေကျပ် ၃၀၀၀၀၀စီ၊ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနမှ ဝန်ထမ်းများက ငွေကျပ် ၂၆၁၀၀၀၊ ရွှေပါရမီစာပေ၊ အက်ရှင်တိုင်းမ်ဂျာနယ်၊ Connect Journal နှင့် ရွှေစင်ပုံနှိပ်တိုက်တို့က ငွေကျပ်၂၀၀၀၀၀ စီ၊ အောင်မြင်စာပေကငွေကျပ် ၁၅၀၀၀၀၊ ရွှေထီးပုံနှိပ်တိုက်က ငွေကျပ် ၁၀၉၀၀၀၊ တူဒေးစာအုပ်တိုက်၊ စိတ်ကူးချိုချိုစာပေ၊မော်ဒန်ဂျာနယ်၊ အခွင့်အလမ်းဂျာနယ်၊ ကွာလတီစာပေ၊ သရဖူမဂ္ဂဇင်း၊ နက္ခတ္တမဂ္ဂဇင်း၊ အင်းဝစာအုပ်တိုက်၊ Ever Win Media၊ 24/7 News Journal နှင့် အင်အားဂျာနယ်၊ စေတနာစာပေ၊ စိုးမိုးစာပေ၊ ဝဏ္ဏထွန်းစာပေ၊ ရွှေသမင်စာပေ၊ ပညာရွှေတောင်စာပေ၊ ပုတက်ဂျာနယ်၊ ဧရာဝဏ်စာပေနှင့် စိန်နဂါးပုံနှိပ်တိုက်တို့က ငွေကျပ် ၁၀၀၀၀၀စီ၊ ငြိမ်းချမ်းရေး ပိုစတာက ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ မျက်မှောက်ရေးရာမဂ္ဂဇင်းက ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ နံနက်ခင်းဂျာနယ်က ငွေကျပ်၁၀၀၀၀၀ တန်ဖိုးရှိပစ္စည်းမျိုးစုံ၊ Football Planet က ငွေကျပ် ၇၀၀၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ Foreverဂျာ နယ်၊ ဈေးကွက်ဂျာနယ်၊ Reporterဂျာနယ်၊ ပန်းတိုင်စာပေနှင့် သိန်းမင်းစာပေတို့က ငွေကျပ် ၅၀၀၀၀စီ၊ ကျုံမငေးပုံနှိပ်တိုက်၊ Grand၊ ရှေ့ဆောင်နှင့် ဖိုးပြည့် ပုံနှိပ်တိုက်တို့က ငွေကျပ် ၃၀၀၀၀စီ၊ သဇင်ပုံနှိပ်တိုက်နှင့် ရွှေပုံ ပုံနှိပ်လုပ်ငန်းတို့က ငွေကျပ် ၂၀၀၀၀စီ၊ တက္ကသိုလ်စိန်တင်၊ စိမ့်(ပညာရေး)က ငွေကျပ်၁၀၀၀၀ နှင့် ထိုင်းနိုင်ငံအခြေစိုက် Bumrungrad International ဆေးရုံကြီး ရန်ကုန်ရုံးခွဲ ဌာနေတာဝန်ခံ Dr.မိုးညဏ်ကျော်နှင့်အဖွဲ့က ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကောင်းမြို့တွင် ၃ ဒသမ ၄၈ လက်မ၊ ကန့်ဘလူမြို့တွင် ၁ ဒသမ ၉၂ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ မိုးညှင်းမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ပြည်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ မောင်တောမြို့နှင့် စစ်တွေမြို့တို့တွင် ၁ ဒသမ၀၇ လက်မစီနှင့် ဖျာပုံမြို့တွင် ၁ ဒသမ ၀၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအား နည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်း နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

ဇွန် ၁၀ ရက် ညနေအထိ ခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေး တိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ။ ။ မုတ်သုံလေအားအသင့် အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ် ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသ အခြေအနေ

အမြင့်ဆုံးအပူချိန် ၂၈ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၈၄ဒီဂရီဖာရင်ဟိုက်)		၈-၆-၂၀၀၈
အနိမ့်ဆုံးအပူချိန် ၂၂ ဒသမ ၇ ဒီဂရီစင်တီဂရိတ်(၇၃ဒီဂရီဖာရင်ဟိုက်)		၉-၆-၂၀၀၈
၀၉း၃၀နာရီအချိန်စိုထိုင်းဆ	၁၀၀ ရာခိုင်နှုန်း	၉-၆-၂၀၀၈
နေပူသည့် နာရီပေါင်း	၀ ဒသမ ၄ နာရီခန့်	၈-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၉-၆-၂၀၀၈	၁၀မမ(၀. ၃၉လက်မ)	၇မမ(၀. ၂၇လက်မ)	၇မမ(၀. ၂၇လက်မ)
၁-၁-၂၀၀၈မှ ယနေ့ထိ	**၈၃၉ မမ (၃၃ဒသမ၀၃လက်မ)**	**၁၀၁၁မမ (၃၉ဒသမ၈၀လက်မ)**	**၁၃၂၈ မမ(၅၂ဒသမ၂၈လက်မ)**

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ (၉-၆-၂၀၀၈)ရက် ၈း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀မိုင်နှုန်း တိုက်ခတ်သည်။

ဟီလာရီကလင်တန်ကို ထောက်ခံသူများ အိုဘားမားကို ထောက်ခံကြမည်

ဝါရှင်တန် ဇွန် ၈

စိတ်ထိခိုက်၍ ဝမ်းနည်းကြေကွဲလျက်ရှိကြသော ဟီလာရီကလင်တန်အား ထောက်ခံသူများသည် ယခုအခါ ဘာရက်အိုဘားမားကိုသာ ထောက်ခံကြရတော့မည်ဖြစ်ကြောင်း၊ ထိုသို့ ပြောင်းလဲရခြင်းကြောင့် ရင်ထဲတွင်နာကျင်မှုများ ဖြစ်ပေါ်လာမှာဖြစ်ကြောင်း၊ဖြေဖျောက်ရန် အချိန်ယူကုစားရမှာဖြစ်ကြောင်း ကလင်တန်က စနေနေ့တွင် ပြောကြားသည်။

စနေနေ့ကကလင်တန်သည်၎င်း၏ နောက်ဆုံး လူထုအစည်းအဝေးတွင် အမေရိကန်သမ္မတဖြစ်ရေးကြိုးပမ်းမှုကို စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းကြေညာ၍ အိုဘားမား သမ္မတဖြစ်ရေးကို အားပေးကူညီကြရန်တိုက်တွန်းပြောဆိုသောအခါ တက်ရောက်လာသော ထောက်ခံသူအချို့မှာမျက်ရည်ကျလျက် လက်ခုပ်တီး ဩဘာပေးခဲ့ကြသည်။ ဝါရှင်တန်အမျိုးသားပြတိုက်အဆောက်အအုံတွင် ကျင်းပသော အဆိုပါလူထုအစည်းအဝေးသို့ ကလင်တန်အား ထောက်ခံသူ ၂၀၀၀ခန့် တက်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားတွင် မီးတောင်ပေါက်ကွဲ

ဂျကာတာ ဇွန် ၈

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မြောက်ဆူလာဝေစီကျွန်းရှိ ဆိုပူတန်တောင်မှ မီးတောင်သည် သောကြာနေ့ကတည်းက ပေါက်ကွဲလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ မီးတောင်များ လေ့လာရေးဌာန အကြီးအကဲ ဆူဂိုနိုက ပိုမိုပြင်းထန်သော ပေါက်ကွဲမှုဖြစ်လာဖွယ်ရာရှိကြောင်း၊ အန္တရာယ်ရှိသောအရာများ မီးတောင်အတွင်းမှ မှုတ်ထုတ်လာနိုင်ကြောင်း စနေနေ့က သတိပေးလိုက်သည်။

အဆိုပါမီးတောင်သည် သောကြာနေ့ကတည်းကမကြာခဏအော်သံမြည်၍ ပေါက်ကွဲလျက်ရှိရာ အဖြူရောင်မီးခိုးများကို မီတာ ၁၅၀၀ အမြင့်ထိ ထုတ်လွှတ်ကြောင်း ဆူဂိုနိုက ပြောကြားသည်။ ယင်းသို့ ပေါက်ကွဲခြင်းကြောင့် အသေအပျောက်နှင့်အပျက်အစီးများမရှိကြောင်း၊အချင်းရှစ်မီတာ အကျယ်အဝန်းအထိသာပြာများ ကျရောက်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဂရိနိုင်ငံအေသင်မြို့အနောက်ပိုင်း ကာတိုအချာရာအရပ်တွင် မြေငလျင်လှုပ်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးအချို့ကို ဇွန် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂရိ၌မြေငလျင်လှုပ်၍ နှစ်ဦးသေဆုံး၊ ၁၂၅ ဦးဒဏ်ရာရ

ကာတိုအချာရာ(ဂရိ) ဇွန် ၉

ဂရိနိုင်ငံ တောင်ပိုင်းတွင် ဇွန် ၈ရက်က မြေငလျင်တစ်ခုလှုပ်သွားခဲ့ရာ နှစ်ဦး သေဆုံးပြီး ၁၂၅ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် အိမ်ဒါဇင်ပေါင်းများစွာလည်း ပျက်စီးခဲ့သည်ဟု အာဏာပိုင်များက ပြောကြားသည်။

ဂရိနိုင်ငံ အနောက်ဘက်ဆိပ်ကမ်း ပတ်ထရာစ်မြို့ တောင်ဘက် ၃၄ ကီလိုမီတာအကွာ ဒေသစံတော်ချိန် နံနက်၃နာရီ၂၅ခန့်အချိန်၌ ရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိသော အင်အားပြင်း မြေငလျင်လှုပ်ခဲ့မှုကြောင့် ထိုဒေသအတွင်း နေထိုင်သူများမှာအထိတ်တလန့်ဖြစ်ကြရသည်။ လူများမှာ လမ်းမများပေါ်သို့ ထွက်ပြေးသွားကြပြီး တစ်ချို့မှာ ဝရန်တာမှ ခုန်ဆင်းကြရကြောင်း သိရသည်။

ကာတို အချာရာမြို့အနီးကိုဗဟိုပြု၍ မြေငလျင်လှုပ်သွားခဲ့ရာ အင်အားအလွန်ပြင်းထန်ပြီး အီတလီနိုင်ငံအထိပါ ရိုက်ခတ်သွားသည်ဟု ဖော်ပြထားသည်။

ထိုငလျင်ကြောင့် ပြိုကျနေသော နံရံများအောက်မှ သေဆုံးနေသည့် အမျိုးသားတစ်ဦးကို တွေ့ရှိခဲ့ပြီး အသက်၈၀အရွယ်ရှိသောအမျိုးသမီးကြီးတစ်ဦး ဒဏ်ရာရရှိ၍ ဆေးရုံသို့တင်လိုက်ပြီးနောက် နှလုံးအမောဖောက်၍ သေဆုံးသွားကြောင်း သိရသည်။ ထိုပြင်းထန်သောငလျင်ဒဏ်ကြောင့် ဟောင်းနွမ်းနေပြီဖြစ်သော အိမ်ခြောက် လုံးခန့်ပြိုကျသွားခဲ့ပြီး ဘုရားရှစ်ခိုး ကျောင်းတစ်ကျောင်းလည်း ပျက်စီးဆုံးရှုံးသွားသည်ဟု ရိုက်တာသတင်းက ဖော်ပြသည်။

ယင်းသို့ဖြစ်ပွားပြီး နောက်ဆက်တွဲငလျင်များလှုပ်ခတ်မှုကြောင့်ထိုဒေသအတွင်းရှိ နေထိုင်သူများမှာ ၎င်းတို့နေထိုင်ရာ နေအိမ်သို့ ပြန်လာရမည်ကို ကြောက်ရွံ့နေကြပြီး ညအချိန်၌ လမ်းမများ၊ ကားများထဲ၌သာ အိပ်စက်နေရသည်ဟု သတင်းရရှိသည်။

ထို့ပြင် လူတိုင်းမှာလည်း ကွင်းပြင်များသို့ထွက်၍ထိုင်နေကြရပြီးမီးသတ်သမားများနှင့်ကယ်ဆယ်ရေးလုပ်သားများမှာ နေရာတိုင်း၌ ရှိနေကြသည်ဟု ရိုက်တာသတင်းဌာနမှဓာတ်ပုံသတင်းထောက် ရောရိုစ့်ကာရာဟာလစ် က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆလိုဗေးနီးယားနျူကလီးယားစက်ရုံ ချို့ယွင်းမှုဖြစ်၍ ပိတ်လိုက်ရ

ဘဲလ်ဂရိတ် ဇွန် ၈

ဆလိုဗေးနီးယားနိုင်ငံသည် ၎င်း၏ နျူကလီးယားစက်ရုံမှ ဓာတ်ပေါင်းဖိုအအေးခံသောစနစ် ချို့ယွင်းသွားသောကြောင့် ၎င်းစက်ရုံကိုပိတ်လိုက်ရကြောင်း ဥရောပကော်မရှင်(အီးစီ)က ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။

ဆလိုဗေးနီးယားအာဏာပိုင်များက ကရက်(စ်)ကို နျူကလီးယားစက်ရုံတွင် အဓိက အအေးခံသောစနစ်မှ အရည်များ စိမ့်ထွက်လာကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်္ဂလန်တောင်ပိုင်းမှ ကြက်ငှက်တုပ်ကွေး ဥရောပငှက်တုပ်ကွေးနှင့် ဆက်နွှယ်လျက်ရှိ

လန်ဒန် ဇွန် ၈

အင်္ဂလန်တောင်ပိုင်း၌ ယခုရက်သတ္တပတ်အတွင်း ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါတွင် ဗိုင်းရပ်(စ်)ပိုးသည် ဥရောပတွင် ဖြစ်ပွားခဲ့သော H7N7 ဗိုင်းရပ်(စ်)နှင့် တူညီကြောင်းတွေ့ရသည်။

ဗြိတိန်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြင်းထန်သောH7N7 အမျိုးအစားဟုခွဲခြားသိရှိခဲ့ကြောင်း၊ ဥရောပဒေသအနှံ့အပြားတွင် ငှက်များနှင့် မွေးမြူရေးခြံများတွင် တစ်ခါတစ်ရံတွေ့ရှိရသော ဗိုင်းရပ်(စ်)နှင့် ဆက်နွှယ်ဖွယ်ရာရှိကြောင်း ပြောကြားသည်။

နယ်သာလန်နိုင်ငံတွင် ၂၀၀၃-၂၀၀၄ခုနှစ်က H7N7 ကြက်ငှက်တုပ်ကွေး အကြီးအကျယ် ဖြစ်ပွားခဲ့သည်။ မွေးမြူရေးခြံ အလုပ်သမားအများအပြားသည် အဓိကရောဂါလက္ခဏာဖြစ်သည့် မျက်မြေးရောင်ကြ၍တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးမှာ အသက်ရှူကျပ်သည့် လက္ခဏာများပြပြီး သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နယ်စပ်၌တိုက်ပွဲဖြစ်၍ အကြမ်းဖက်သမား ၁၂ ဦးသေဆုံး

တီဟီရန် ဇွန် ၈

အီရတ်နယ်စပ်အနီး၌ တိုက်ပွဲ ဖြစ်ပွားရာ အကြမ်းဖက်သမား ၁၂ဦးနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့ကြောင်း၊ ထိုနေရာသည် ကာ့ဒ်ပြောက်ကျားများနှင့် လုံခြုံရေးတပ်ဖွဲ့များ ယခင်ကာလကတည်းက တိုက်ပွဲ ဖြစ်ခဲ့သည့်နေရာ ဖြစ်ကြောင်း အီရန်နိုင်ငံက ပြောကြားသည်ကို သတင်းဌာနများက ကြာသပတေးနေ့တွင် သတင်းထုတ်ပြန်သည်။

တိုက်ခိုက်မှု ဖြစ်ချိန်နှင့်သေဆုံးသူများနှင့်ပတ်သက်သောအသေးစိတ်ကို ရှင်းလင်းစွာ မသိရှိရကြောင်း သတင်း၌ ဖော်ပြထားသည်။

တူရကီနယ်စပ်အနီး အီရန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ပြီးခဲ့သည့်လက အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင်သုံးဦးနှင့် ကာ့ဒ်သူပုန်ကိုးဦး သေဆုံးခဲ့သည်ဟု အီရန်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အီရတ်နယ်စပ်ဒေသတို့တွင် ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)အခွဲကာ့ဒ်လွတ်လပ်ရေးပါတီ(ပီဂျေအေကေ)မှ သူပုန်များနှင့် အီရန်နိုင်ငံတပ်ဖွဲ့တို့ မကြာခဏ တိုက်ပွဲများ ဖြစ်ခဲ့သည်။ တူရကီအရှေ့တောင်ပိုင်းတွင် ကာ့ဒ်သူပုန်များသည် သီးခြားနိုင်ငံ ထူထောင်နိုင်ရေးအတွက် ၁၉၈၄ခုနှစ်ကတည်းက လက်နက်စွဲကိုင် တိုက်ခိုက်နေခြင်း ဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားရာ အကြမ်းဖက်သမားအချို့ သေဆုံးပြီး အချို့မှာ တစ်ဖက်နယ်စပ်သို့ ထွက်ပြေးခဲ့သည်ဟုအဇာဘိုင်ဂျန်ပြည်နယ်အနောက်ပိုင်း ရဲတပ်ဖွဲ့အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍မားစ်သတင်းဌာနကဖော်ပြသည်။ ထိုတိုက်ပွဲတွင် ပီရန်ရှာမြို့မှ နယ်ခြားစောင့် လေးဦးသေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိသည်ဟု၎င်းကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဘီလိဇ်နိုင်ငံ၌ ရေကြီး လူငါးဦးသေဆုံး

ဘီလစ်စီးတီး ဇွန် ၈

အလယ်အမေရိကရှိဘီလိဇ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဗုဒ္ဓဟူးနေ့က အပူပိုင်းဒေသမုန်တိုင်း တိုက်ခတ်ပြီး ရေလွှမ်းမိုးမှုဖြစ်ရာ လမ်းလျှောက်စကလေးငယ်တစ်ဦး အပါအဝင် အနည်းဆုံး လူငါးဦး သေဆုံးခဲ့သည်။

အတ္တလန္တိတ်ဒေသအတွင်း ပထမဆုံး တိုက်ခတ်သည့် မုန်တိုင်းဖြစ်ပြီး ယခုရက်သတ္တပတ်တွင် ဘီလဇ်နိုင်ငံ၌ မိုးရေချိန် ၁၁ လက်မကျော် ရွာသွန်းခဲ့သည်။

စတင်းကရိစ်ခရိုင်အရှေ့တောင်ပိုင်းဒေသမှ လူနှစ်ဦးမှာ ဗုဒ္ဓဟူးနေ့ အထိ ပျောက်ဆုံးနေဆဲ ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံအနောက်တောင်ပိုင်း မြေငလျင်လှုပ်သွားရာ စီချွမ်ဒေသ တန်ဂျန်ရှန်အရပ်တွင် ငလျင်ကြောင့် ဖြစ်ပေါ်လာသည့်ရေကန်မှ ပိတ်မိနေသောရေကို ထွက်ပေါက်ရစေရန် အင်ဂျင်နီယာတပ်ဖွဲ့များက ဖယ်ရှားရှင်းလင်းနေသည်ကို ဇွန်၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တွင် အလုပ်လက်မဲ့နှုန်း မြင့်မားနေ ၂၀၀၄ ခုနှစ် အောက်တိုဘာလနောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်

ဝါရှင်တန် ဇွန် ၉

အမေရိကန်ပြည်ထောင်စု၌ မေလတွင်သိသိသာသာအလုပ်လက်မဲ့နှုန်းမြင့်မားလာမှုသည် သုံးနှစ်ခွဲကာလ အတွင်း အမြင့်ဆုံးနှုန်း ဖြစ်သည်ဟု မိမိတို့ယူဆထားကြောင်း၊ သို့ရာတွင် စီးပွားရေး ဖွံ့ဖြိုးမှုနှေးကွေးမှုရှိသော်လည်း စီးပွားရေးကျဆင်းမှုမဟုတ်ကြောင်း အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ စကော့စတင်ဇယ်က သောကြာနေ့တွင် ပြောကြားသည်။ ဖော်ပြပါအခြေအနေသည် ယနေ့ကာလတွင် မိမိတို့လိုလားသည် အခြေအနေတစ်ရပ်မဟုတ်ဟု စတင်ဇယ်က သတင်းထောက်များသို့ ပြောကြားသည်။ အလုပ်လက်မဲ့နှုန်းသည် လွန်ခဲ့သည့် ဧပြီလတွင် ၅ ရာနှုန်းရှိခဲ့ရာမှမေလတွင် ၅ဒသမ၅ရာနှုန်းအထိ မြင့်တက်ခဲ့သည်။ ၂၀၀၄ခုနှစ် အောက်တိုဘာလနောက်ပိုင်းတွင် အမြင့်ဆုံးနှုန်းဖြစ်သည်ဟု အလုပ်သမား ဝန်ကြီးဌာနက ကြေညာပြီးခဲ့သည့်နောက် စတင်ဇယ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မိမိတို့အမြင်အရ ၅ဒသမ၅ရာခိုင်နှုန်းသည် မြင့်မားသည့်နှုန်းဖြစ်ကြောင်း၊ သို့ရာတွင် ယင်းနှုန်းသည် လွန်ခဲ့သည့် ဆယ်စုနှစ်သုံးစုအတွင်းရှိ ပျမ်းမျှအလုပ်လက်မဲ့နှုန်းအောက်နိမ့်ကျလျက်ရှိသည်ဟု စတင်ဇယ်က ပြောကြားကြသည်။ မေလတွင် အလုပ်လက်မဲ့နှုန်းမြင့်မားမှုသည် ဆယ်ကျော်သက်များအပါအဝင် လုပ်ငန်းသစ်ရှာဖွေသူ များတိုးလာ၍ ဖြစ်ရပြီး လုပ်ငန်းမှအလုပ်ဖြုတ်ခံရသူဦးရေ မြင့်မားမှုကြောင့်မဟုတ်ဟု ဘုရှ်အစိုးရဌာနမှ စီးပွားရေးပညာရှင်များက ပြောကြားသည်။ အမေရိကန်၏ စီးပွားရေးကြီးထွားမှုနှေးကွေးနေသည်မှန်သော်လည်း အနုတ်လက္ခဏာပြသည့် အခြေအနေသို့ မရောက်ရှိသေးဟု စတင်ဇယ်က ကာကွယ်ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

အီရန် အနောက်တောင်၌ ရေနံပိုက်လိုင်းမီးလောင် သုံးဦးသေဆုံး

တီဟီရန် ဇွန် ၈

အီရန်နိုင်ငံ ခူဇက်စတန်ပြည်နယ်တွင် ရေနံပိုက်လိုင်း မီးလောင်ရာ လူသုံးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု နိုင်ငံပိုင်ရုပ်သံက ဗုဒ္ဓဟူးနေ့တွင် ထုတ်လွှင့်ခဲ့သည်။

ရေနံပေးပို့မှုများ ထိခိုက်မှု ရှိ၊ မရှိကို ရှင်းလင်းစွာ မသိရှိကြောင်း၊ သို့သော်အင်္ဂါနေ့နှောင်းပိုင်းက မီးလောင်ခဲ့ပြီး ဗုဒ္ဓဟူးနေ့ အစောပိုင်းတွင်မီးငြိမ်းသွားခဲ့သည်။ ရေနံပိုက်လိုင်းမှ ရေနံယိုစိမ့်ခဲ့ပြီးနောက် ဘတ်ချ်မာလက်စ်မြို့ အနီးရှိ ရေနံပိုက်လိုင်း မီးလောင်ခဲ့သည်။ ခူဇက်စတန်ပြည်နယ်သည် ကမ္ဘာတွင် စတုတ္ထ ရေနံအများဆုံး ထုတ်လုပ်ပြီး ရေနံလုပ်ငန်းတွင်အချက်အချာကျသည့်ပြည်နယ်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

ပြင်စလူမြို့ လေဘေးကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးကာကွယ်မှု အပြည့်အဝပေး

ရန်ကုန် ဇွန် ၉

လပွတ္တာမြို့နယ် ပြင်စလူမြို့ရှိ လေဘေးကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးအကာအကွယ် အပြည့်အဝပေးလျက်ရှိရာ သာမန်ဝမ်းသွားသူ၊ အဖျားရောဂါနှင့် ထိခိုက်ရှနာသူ လူနာများသာရှိကြောင်း၊ ဝမ်းရောဂါမဖြစ်ပွားစေရေးအတွက် ကျန်းမာရေး ဆေးပေးခန်းမှ သောက်ရေအိုး၊ ရေကန်များစစ်ဆေးပြီး ဆေးခတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ယင်လုံအိမ်သာ သန့်ရှင်းရေးကိုလည်း စနစ်တကျဆောင်ရွက်ပေးထားကြောင်း၊ စခန်းအတွင်းရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် (၅)နှစ်အောက် ကလေးများကို ဘီဝမ်းဆေးနှင့် ဘီတာမင်အေတို့ကို တိုက်ကျွေးကြောင်းဖြင့် လက်ထောက်ကျန်းမာရေးမှူးဦးကျော်ကျော်က သတင်းအဖွဲ့သို့ ပြောကြားသည်။

ထို့အပြင် တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးဆေးအဖွဲ့၊ ဇေကမ္ဘာကုမ္ပဏီနှင့် နယ်လှည့်ကွင်းဆင်း ကုသရေးအဖွဲ့တို့က တစ်အိမ်တက်တစ်အိမ်ဆင်းဖြင့် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုပေးသည့်အပြင် ကလေးငယ်များအား အာဟာရမှုန့်၊ စောင်နှင့် ကလေးအသုံးအဆောင်များကို ပံ့ပိုးပေးလျက်ရှိကြောင်းသိရှိရသည်။ (သတင်းစဉ်)

ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

ကျန်းမာရေး ဝန်ကြီးဌာနမှ ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့ဝင်များ လပွတ္တာမြို့နယ် ကယ်ဆယ်ရေးစခန်းများတွင် ကလေးငယ်များအား ပိုလီယို ကာကွယ်ဆေး တိုက်ကျွေး စဉ်။

(ကျန်းမာရေး)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေးဒရဲမြို့နယ်၌ ဓာတ်အားပေးတိုင်များ ပြန်လည်ပြုပြင်

ရန်ကုန် ဇွန် ၉

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် မြို့နယ်လျှပ်စစ်လုပ်ငန်းမှ လိုင်းဝန်ထမ်းများသည် အထူးအဖွဲ့မှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ မြို့မီးလင်းရေးအတွက် ကွမ်းခြံကုန်း-ဒေးဒရဲ(၃၃) ကေဗွီဓာတ်အားလိုင်းကို ဝန်ထမ်းအင်အား၁၇၆ဦးဖြင့် ဆောင်ရွက်လျက်ရှိသည်။ မုန်တိုင်းဒဏ်ကြောင့် လဲပြိုခဲ့သော (၁၁) ကေဗွီလိုင်း ဓာတ်အားပေးတိုင်၂၀ကို ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ပြီး ကျန်ရှိသောဓာတ်အားပေးတိုင်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေး ကြိုးပမ်းလျက်ရှိသည်။ ယခုလတ်တလောတွင် မြို့ပေါ်ရှိ သာသနိကအဆောက်အအုံများ၊ ရုံးများနှင့် ဆေးရုံတို့ကို (၁၀၀)ကေဗွီ မီးစက်ဖြင့် မီးဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)